# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ သုမင်္ဂလာအပေါင်း နှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၂၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၇.၉၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၂) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၃) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊

(၄) လောင်းလုံးမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၅) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၆) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၈ ရက်၊

(၇) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၈) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၉) ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၁၀) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၁၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်းခွင့် ၁ ရက်၊

(၁၂) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၁ ရက်၊

(၁၃) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၁၄) စဥ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်း ခွင့် ၁ ရက်၊

(၁၅) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၂၈ ရက်၊

(၁၆) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၁၇) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်နှင့်

(၁၈) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

မူကြမ်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏အစီရင်ခံစာ တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာ တင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အစည်းအဝေးသို့ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျာ။ ပြည်သူ့လွှတ်တော် အမြဲတမ်းကော်မတီဖြစ်တဲ့ လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ယနေ့ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီကို ကော်မတီဝင် ၁၅ ဦးနဲ့ ၂၀၁၁ ခုနှစ်၊ မတ်လ၊ ၄ ရက်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၁၈-၇-၂၀၁၃ ရက်နေ့မှာ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဝင်းအား တွဲဖက်တာဝန်ထမ်းဆောင်စေခဲ့ပါတယ်ခင်ဗျာ။ ၂၀၁၄ခုနှစ်၊ ဇွန်လ ၉ ရက်မှာ တပ်မတော်သားကိုယ်စားလှယ် (၄)ဦးကို လေ့လာသူများအဖြစ် ကော်မတီမှာ တာဝန်ပေးအပ်ခဲ့ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ကော်မတီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်သက်တမ်းနှင့်တူညီပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟာ ကော်မတီဝင်များရဲ့ သက်တမ်းတစ်နှစ်ပြည့်မြောက်တဲ့အခါမှာ ပြန်လည်သုံးသပ်ပြီးတော့မှ လိုအပ်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်ခဲ့ပါတယ်ခင်ဗျာ။

ကော်မတီရဲ့ တာဝန်များနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြလိုပါတယ်ခင်ဗျား။ ကော်မတီရဲ့ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ကော်မတီကို လွှဲအပ်တဲ့ကိစ္စများနှင့်စပ်လျဉ်းသော အချက်များကို အခြေပြုပြီးတော့ လွှတ်တော်၏အခွင့်အရေးကို ဖောက်ဖျက်ရာရောက်/မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊ မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှစ၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ဖြင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က

မည်ကဲ့သို့အရေးယူသင့်ကြောင်းကို လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊ ကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်လုံးရဲ့ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုခြင်း၊ သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများကို တက်ရောက်လာသော ကိုယ်စားလှယ်များအား စိစစ်အတည်ပြုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့် တောင်းခံလာလို့ရှိရင် ဒီနုတ်ထွက်ခွင့်တောင်းခံလွှာကိုစိစစ်၍ မှတ်ချက်များနှင့်တကွ ဥက္ကဋ္ဌထံ တင်ပြခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကိုယ်ရေးမှတ်တမ်းနှင့် အခြားမှတ်တမ်းများ လွှတ်တော်ရုံးမှာ ပြုစုထားရှိရေးနှင့်ပတ်သက်ပြီးတော့ အကြံများပေးခြင်း၊ လွှတ်တော်၏ ဂုဏ်သိက္ခာကိုစောင့်ထိန်းရန်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာရန်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ပျက်ကွက်ကြောင်းတွေ့ရှိပါက ဥက္ကဋ္ဌထံတင်ပြခြင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၃ အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌထံ တင်ပြခြင်းတို့ဖြစ်ပါတယ်။

ကျွန်တော်တို့ကော်မတီရဲ့ လွှတ်တော်မှာ စတင်ဖွဲ့စည်းသည့်မှ ယနေ့အထိ ဆောင်ရွက်ချက်များကို ဆက်လက်တင်ပြပါ့မယ်ခင်ဗျာ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပြဋ္ဌာန်းတဲ့အတွက်ကြောင့် ဒီဥပဒေနှင့်အညီ လွှတ်တော်အစည်းအဝေးကျင်းပတဲ့အခါမှာ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို စိစစ်ပြီးတော့ အစည်းအဝေး အထမြောက်ခြင်းရှိ/မရှိနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားသည့်ကိစ္စများကို လွှတ်တော်အခွင့်အရေးကော်မတီက စိစစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အများစုက တင်ပြတဲ့ အကြံပြုချက်တွေကို အခြေခံပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ရုံးတွေ ဖွင့်လှစ်ခွင့်ရရှိရေး၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်တဲ့အခါမှာ အဆင်ပြေချောမွေ့စေရေးနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွေမှာ လွှတ်တော်ကိုယ်စားလှယ်အတွေ့အကြုံတွေ ရှင်းလင်းတဲ့အခါမှာ အဆင်ပြေချောမွေ့ဖို့အတွက် ဥပဒေအစိတ်အပိုင်းအဖြစ် ပြဋ္ဌာန်းဖို့အတွက် အကြံပြုဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၁ ခုနှစ်၊ မေလ ၃၀ ရက်မှာလည်း လွှတ်တော်အခွင့်အရေးကော်မတီဟာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတွေကို ဖိတ်ကြားပြီးတော့ လွှတ်တော်လုပ်ငန်းဆောင်ရွက်မှုနှင့်

လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးများ သတ်မှတ်ပြဋ္ဌာန်းရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီဟာ လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ ပေါ်ထွန်းလာတဲ့ လွှတ်တော်နှင့် လွှတ်တော်ကော်မတီတွေရဲ့ ဖွဲ့စည်းမှုတာဝန်များ၊ လုပ်ပိုင်ခွင့်နှင့်အခွင့်အရေးတွေကို နိုင်ငံတကာမှာရှိတဲ့ လွှတ်တော်များရဲ့ ဖွဲ့စည်းတည်ဆောက်မှုနှင့် ချိန်ထိုးလေ့လာပြီးတော့ စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။

၂၈-၁၀-၂၀၁၁ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ် အမှတ်စဉ်(၁၃)မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးဖို့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက စိစစ်ပေးရေးအတွက် လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုရယူတဲ့ အစီအစဉ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကနေပြီးတော့ ဒီဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်း လွှတ်တော်အခွင့်အရေးကော်မတီကို စာနဲ့ပေးပို့ခဲ့ပါတယ်။ ဒီပေးပို့ချက်ကိုအခြေခံပြီးတော့ ကျွန်တော်တို့လွှတ်တော်အခွင့်အရေးကော်မတီက ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်လည်း ၁၈-၁၁-၂၀၁၁ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် စတုတ္ထနေ့အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံခုံရုံးကစိစစ်ပေးရေးအတွက် ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ကို ပြည်ထောင်စုလွှတ်တော်နာယက ပယ်ဖျက်ပေးခဲ့ပါတယ်။ နောက် ၂၃-၃-၂၀၁၂ ရက်နေ့ Hot News Journal မှာပါတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ မေးမြန်းဆွေးနွေးချက်မှာ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အခွင့်အရေးတွေကို ထိပါးစေတဲ့ အချက်တွေပါတဲ့အတွက်ကြောင့်လည်း ဒီကိစ္စတွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးတော့ သူ့အနေနဲ့ ယခုကဲ့သို့ ပြောဆိုတဲ့အခါမှာ မိသားစုအသွင်သဘောမျိုးနဲ့ ပြောဆိုခြင်းဖြစ်ကြောင်း လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဂုဏ်သိက္ခာကိုထိပါးရန် ရည်ရွယ်ချက်မရှိပါကြောင်း ပြောခဲ့ပါတယ်။ ဒါကြောင့် လွှတ်တော်ကို တောင်းပန်မယ့်အကြောင်း ပြောတဲ့အတွက်ကြောင့် ပြည်ထောင်စုလွှတ်တော်မှာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်တောင်းပန်ခဲ့ပါတယ်။

နောက် ကျွန်တော်တို့ ဒေါက်တာဆိတ်ဖွားကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်က Internet မှာ ဖော်ပြထားတဲ့ Above The Law ခေါင်းစဉ်မှာပါတဲ့ ဒေါက်တာဆိတ်ဖွားရဲ့ ဝေဖန်ချက်ဟာ လွှတ်တော်၏ရဲ့ဂုဏ်သိက္ခာနှင့် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်စေတဲ့အတွက်ကြောင့် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ပေးရန် အရေးကြီးအဆိုတစ်ရပ် တင်သွင်းခဲ့ပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ လွှတ်တော်မှာ ကော်မတီတစ်ရပ်ဖွဲ့စည်းပြီးတော့ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်ကိစ္စတွေကို ဥပဒေကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွေရဲ့ ချီးမြှင့်ငွေနှင့်စရိတ်ဆိုင်ရာဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(က)မှာပါရှိတဲ့ ကျပ်သုံးသိန်း ဆိုတဲ့ စကားရပ်ကို ကျပ်တစ်ဆယ်သိန်းဖြင့် အစားထိုး၍လည်းကောင်း၊ ပုဒ်မခွဲ(ခ)မှာပါတဲ့ ကျပ်နှစ်သိန်း ဆိုတဲ့စကားရပ်ကို ကျပ်ငါးသိန်း ဖြင့်လည်းကောင်း၊ ပုဒ်မ ၆ မှာပါတဲ့ ကျပ် ၂၀၀၀ ဆိုသည့်စကားရပ်နှင့် ကျပ် ၃၀၀၀ ဆိုတဲ့စကားရပ်ကို ကျပ် ၅၀၀၀ ဆိုတဲ့စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၈ မှာပါတဲ့ ကျပ် ၅၀၀၀ ဆိုတဲ့စကားရပ်ကို ကျပ်တစ်သောင်းဖြင့်လည်းကောင်း အစားထိုး၍ ဥပဒေတွေပြင်ဆင်ဖို့ ဥပဒေကြမ်းကော်မတီနှင့်ပူးပေါင်းပြီးတော့ လွှတ်တော်ကိုတင်ပြဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ အစီရင်ခံစာတင်ပြမှုနှင့်ပတ်သက်လို့ရှိရင် ၂၀၁၁ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ နောက်ထပ် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ် မေလမှာ တစ်ကြိမ်၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ယခု တစ်ကြိမ် တင်ပြခဲ့ပါတယ်။ လွှတ်တော်မှာ အစီရင်ခံစာတင်ပြမှုနဲ့ပတ်သက်ပြီးတော့ ဆက်လက်တင်ပြရမယ်ဆိုရင် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၄၀ နည်းဥပဒေခွဲ(ဈ)အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကြယ်ပွင့်ပြမေးခွန်း ငါးခု မေးမြန်းခွင့်ရခဲ့သော်လည်းပဲ မေးမြန်းတဲ့မေးခွန်းအရေအတွက်တွေ များပြားတဲ့အတွက်ကြောင့် သတ်မှတ်တဲ့အချိန်မှာ အစီအစဉ်ပြည့်စုံအောင် ဆောင်ရွက်ရန်အတွက် အရေးကြီးတဲ့မေးခွန်းတွေကိုသာ နှုတ်ဖြင့်မေးမြန်းပြီးတော့ ကျန်တဲ့မေးခွန်းတွေကို ကြယ်ပွင့်မပြမေးခွန်းအဖြစ် ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ်တိုင်း ပုံမှန်ပေးလို့ရအောင် ကြယ်ပွင့်ပြမေးခွန်းတစ်ခုစီကို အလှည့်ကျမေးမြန်းနိုင်အောင်လည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ မေးမြန်းချိန်၊ ဖြေကြားချိန်ကို (၃)မိနစ်စီသတ်မှတ်ပေးခဲ့ပါတယ်။ (၃)မိနစ်မှာလည်း သံခိပ် လိုရင်းတိုရှင်း မေးနိုင်အောင် စာသားများပြုစုပြီး အစည်းအဝေးမစတင်မီမှာ ကြိုတင်ဖြန့်ဝေထားဖို့ကိုလည်း စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ ယနေ့အထိ အစည်းအဝေး(၃၃)ကြိမ်၊ ကျင်းပပြီးဖြစ်ပါတယ်။ နိုင်ငံခြားသွားရောက်မှုနှင့်ပတ်သက်လို့ ကျွန်တော်တို့ လွှတ်တော်အခွင့်အရေးကော်မတီဝင်များနဲ့ ဥက္ကဋ္ဌက (၁၀)ကြိမ်နဲ့၊ အတွင်းရေးမှူးက (၆)ကြိမ်နဲ့ ကျန်တဲ့ကော်မတီဝင်များက နှစ်ကြိမ်၊ တစ်ကြိမ် အနည်းဆုံးသွားရောက်ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ ကော်မတီကို တာဝန်ပေးအပ်ထားတဲ့ ဥပဒေ ၄၆ ခု၊ ပြဋ္ဌာန်းပြီးဥပဒေ ၁၀ ခု၊ ဆောင်ရွက်ဆဲ နှစ်ခုနဲ့ ကျန်ဥပဒေများက လေ့လာဆဲဖြစ်ပါတယ်။ ဆောင်ရွက်ဆဲဥပဒေကတော့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့် နိုင်ငံရေးပင်စင်ဥပဒေများဖြစ်ပါတယ်။ နောက် ဆက်လက်ပြီးတော့ ဆောင်ရွက်မယ့်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ဆက်လက်တင်ပြပါ့မယ်။ လွှတ်တော်အခွင့်အရေးကော်မတီဟာ လွှတ်တော်သက်တမ်း (၅) နှစ်အတွင်းမှာ လုပ်ငန်းအတွေ့အကြုံတွေအပေါ်မူတည်ပြီးတော့မှ လွှတ်တော်ဂုဏ်သိက္ခာမြင့်တက်ရေးနှင့် လွှတ်တော်လုပ်ငန်းများကို ပိုမိုထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ဖို့အတွက် အကြံပြုတင်ပြခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်းမှာ လုပ်ငန်းတာဝန်တွေ ဆောင်ရွက်တဲ့အခါမှာ ပါတီစုံဒီမိုကရေစီကျင့်စဉ်နှင့် လျော်ညီသော ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲများမထားရှိဘဲနဲ့ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီးတော့ တပ်မတော်သားကိုယ်စားလှယ်များနှင့်ပူးပေါင်း၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆောင်ရွက်ရန်၊ မဏ္ဍိုင်ကြီး(၃)ရပ် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းပြီး ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာ တိုးမြှင့်ဆောင်ရွက်ရန်၊ လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် အုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အကြား ဆက်ဆံရေးဟာ ယခုထက် ပိုမိုပြီးတော့ ချောမွေ့စွာ ဆောင်ရွက်မည့်နည်းလမ်းတွေကို အကောင်အထည်ဖော်ရန်၊ လွှတ်တော်လုပ်ငန်းများနှင့် ကော်မတီလုပ်ငန်းတွေကို ထိထိရောက်ရောက်ပံ့ပိုးနိုင်မယ့် အရည်အသွေးများ ရရှိစေရန်အတွက် လိုအပ်တဲ့ အရင်းအမြစ်တွေကို စုဆောင်းပြီးတော့ ဝန်ထမ်းတွေကို လုပ်ငန်းခွင်သင်တန်းနှင့် အရည်အသွေးမြှင့် သင်တန်းတွေ တိုးချဲ့ဖွင့်လှစ်ပေးရန်၊ လွှတ်တော်ရဲ့ သတင်းဆောင်ရွက်ချက်များကို ပိုမိုပွင့်လင်းမြင်သာ

မှုရှိစေရန် ICT ကိုအခြေခံသော လူထုနှင့်ထိတွေ့ဆက်ဆံနိုင်သည့် လွှတ်တော်စာမျက်နှာကို သီးသန့်ဖွင့်လှစ်ပြီးတော့ ပြည့်စုံစွာဖော်ပြပေးခြင်း၊ လွှတ်တော်နေ့စဉ်သတင်းလွှာနှင့် Website/e-newsletter များကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးရန်၊ သတင်းမီဒီယာနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ပေးရန်၊ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်အကြား အပြန်အလှန်ဆက်သွယ်မှု ပိုပြင်စွာတိုးမြှင့်ဆောင်ရွက်ပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) ၏လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာလွှတ်တော်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ယခုထက် ပိုမို၍မြှင့်တင်ဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွံ့ဖြိုးရေးရန်ပုံငွေ တိုးတက်ရရှိအောင်ဆောင်ရွက်ပြီးတော့ ဒေသခံပြည်သူတွေရဲ့ လိုအပ်ချက်နှင့်အညီ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တိုးချဲ့ဆောင်ရွက်ပေးရန်၊ လွှတ်တော်ရဲ့ အဓိကတာဝန်ဟာ ဥပဒေပြုရေးဖြစ်တဲ့အတွက်ကြောင့် အနာဂတ်မှာ ဥပဒေပြုရေးနှင့်ပတ်သက်ပြီးတော့ စိန်ခေါ်မှုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ အချင်းချင်းညှိနှိုင်းဆောင်ရွက်ကြပြီးတော့ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးအတွက် ဦးစားပေးဆုံးဖြတ်ဆောင်ရွက်ကြရန်၊ ထို့အတူ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့တွေနဲ့ အပြန်အလှန်ညှိနှိုင်းပြီးတော့မှ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဦးစားပေးပြီးတော့ ဆုံးဖြတ်ကြရန်တို့ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီသည် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော် လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ လွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စများနှင့် အခြားတာဝန်များကို ကျေပွန်စွာဆောင်ရွက်ခဲ့ပါကြောင်း အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ

## အစီရင်ခံစာအမှတ် (၁/ ၂၀၁၅)

### ကော်မတီဖွဲ့စည်းခြင်း

၁။ လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပထမပုံမှန် အစည်းအဝေးကာလဖြစ်သည့် ၂၀၁၁ ခုနှစ်၊ မတ်လ၊ ၄ ရက်တွင် အောက်ပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် စတင် ဖွဲ့စည်းခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးနန္ဒကျော်စွာ | ဒဂုံ မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ) | ဦးနယ်(လ်)ဆင်(ခ) ဦးဆောင်ဆီ | ကျောက်မဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ) | ဒေါ်မိမြင့်သန်း | ရေး မဲဆန္ဒနယ် | ။ |
| (ဃ) | ဒေါက်တာသန်းဝင်း | မြောက်ဥက္ကလာပ မဲဆန္ဒနယ် | ။ |
| ( င) | ဦးစောသိန်းအောင် | လှိုင်းဘွဲ မဲဆန္ဒနယ် | ။ |
| ( စ) | ဦးအေးဖေ | ကိုကိုးကျွန်း မဲဆန္ဒနယ် | ။ |
| (ဆ) | ဒေါက်တာစိုးရင် | ကမာရွတ် မဲဆန္ဒနယ် | ။ |
| ( ဇ) | ဦးမင်းဆွေ | ဒိုက်ဦး မဲဆန္ဒနယ် | ။ |
| ( ဈ) | ဦးသိန်းလွင် | ချောက် မဲဆန္ဒနယ် | ။ |
| (ည) | ဒေါက်တာစံလှိုင် | တောင်ကုတ် မဲဆန္ဒနယ် | ။ |
| ( ဋ) | ဦးပိုက်ထွေး | ကံမ မဲဆန္ဒနယ် | ။ |
| ( ဌ) | ဦးတင်မောင်ဦး | ရွှေပြည်သာ မဲဆန္ဒနယ် | ။ |
| ( ဍ) | ဦးမြင့်စိုး | ပျော်ဘွယ် မဲဆန္ဒနယ် | ။ |

| | | | |
|---|---|---|---|
| (ဎ) | ဒေါ်နန်းနွံ | ရှားတော မဲဆန္ဒနယ် | " |
| (ဏ) | ဦးလှမြင့်ဦး | ပျဉ်းမနား မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ထို့နောက် အမိန့်ကြော်ငြာစာများဖြင့် လွှတ်တော်အခွင့်အရေးကော်မတီဝင်များအား ပြောင်းလဲဖွဲ့စည်းခဲ့ရာ ယနေ့အချိန်တွင် အောက်ပါကော်မတီဝင် (၁၅) ဦးဖြင့် ကော်မတီ၏ တာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးနန္ဒကျော်စွာ | ဒဂုံ မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးနယ်(လ်)ဆင်(ခ) ဦးဆောင်ဆီ | ကျောက်မဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်မိမြင့်သန်း | ရေး မဲဆန္ဒနယ် | " |
| (ဃ) | ဒေါက်တာသန်းဝင်း | မြောက်ဥက္ကလာပ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစောသိန်းအောင် | လှိုင်းဘွဲ့ မဲဆန္ဒနယ် | " |
| (စ) | ဒေါက်တာစံလှိုင် | တောင်ကုတ်မဲဆန္ဒနယ် | " |
| (ဆ) | ဦးအုန်းကြိုင် | မဟာအောင်မြေ မဲဆန္ဒနယ် | " |
| (ဇ) | ဦးမြင့်စိုး | ပျော်ဘွယ် မဲဆန္ဒနယ် | " |
| (ဈ) | ဦးတင်မောင် | ချမ်းမြသာစည် မဲဆန္ဒနယ် | " |
| (ည) | ဦးမြသိန်း | မုဒုံ မဲဆန္ဒနယ် | " |
| (ဋ) | ဦးစိုးဝင်း | ကျောက်တံတား မဲဆန္ဒနယ် | " |
| (ဌ) | ဗိုလ်မှူးကြီးမြင့်ဟန် | တပ်မတော်သား | " |
| (ဍ) | ဒေါ်နန်းနွံ | ရှားတော မဲဆန္ဒနယ် | " |
| (ဎ) | ဦးကျော်နိုင်ဌေး | အင်းတော် မဲဆန္ဒနယ် | " |
| (ဏ) | ဒေါက်တာစိုးရင် | ကမာရွတ် မဲဆန္ဒနယ် | အတွင်းရေးမှူး |

မှုကြမ်း

၃။ ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် ၁၈.၇.၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမရ) ၁/၂၀၁၃-၁၄၅ ဖြင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဝင်းအား တွဲဖက်တာဝန် ထမ်းဆောင်စေပါသည်။

၄။ ၂၀၁၄ခုနှစ်၊ ဇွန်လ ၉ ရက်တွင် ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ်(၁/၂၀၁၄)ဖြင့် အောက်ဖော်ပြပါ တပ်မတော်သားကိုယ်စားလှယ် ၄ ဦးကို လေ့လာသူများအဖြစ် ကော်မတီတွင် တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ကြည်း ၁၇၉၄၃ ဗိုလ်ချုပ်တောက်ထွန်း

(ခ) ကြည်း ၂၄၀၉၁ ဒုတိယဗိုလ်မှူးကြီးအောင်မင်းဆွေ

(ဂ) ရေ ၃၆၈၉ ဗိုလ်မှူးအောင်ကျော်နှင်း

(ဃ) ကြည်း ၃၂၄၀၂ ဗိုလ်မှူးတင့်လွင်

၅။ လွှတ်တော်အခွင့်အရေးကော်မတီတွင် ကော်မတီဝင်များ ပြောင်းလဲဖွဲ့စည်းခဲ့သည့် အမိန့်ကြော်ငြာစာများကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါသည်။

**ကော်မတီ၏ သက်တမ်း**

၆။ ကော်မတီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်သက်တမ်းနှင့် တူညီပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်ပါသည်။

**ကော်မတီ၏ တာဝန်များ**

၇။ ကော်မတီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီသို့ လွှဲအပ်သောကိစ္စများနှင့်စပ်လျဉ်းသော အချက်များကိုအခြေပြု၍ လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာ ရောက်၊ မရောက် စဉ်းစား ဆုံးဖြတ်ခြင်း၊

(ခ) မည်သို့သောကိစ္စ၊ မည်သို့သော အချက်များမှစတင်၍ အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ဖြင်း၊

(ဂ) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့အရေးယူသင့်ကြောင်းကို လွှတ်တော်သို့အစီရင်ခံတင်ပြခြင်း၊

(ဃ) ကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုခြင်း၊ သက်တမ်း အတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများကို တက်ရောက် လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့် တောင်းခံလျှင် ယင်းနုတ်ထွက်ခွင့်တောင်းခံလွှာကို စိစစ်၍ မှတ်ချက်များနှင့်တကွ ဥက္ကဋ္ဌထံ တင်ပြခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းများနှင့် အခြားမှတ်တမ်း များကို လွှတ်တော်ရုံးမှ ပြုစုထားရှိရေးနှင့်စပ်လျဉ်း၍ အကြံပေးခြင်း၊

(ဆ) လွှတ်တော်၏ သိက္ခာကိုစောင့်ထိန်းရန်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရန်လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးက ပျက်ကွက်ကြောင်း တွေ့ရှိပါက ဥက္ကဋ္ဌထံ တင်ပြခြင်း၊

(ဇ) နည်းဥပဒေ ၁၁၃ အရ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးအား လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌထံ တင်ပြခြင်း။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၈။ ၂၀၁၃ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီသည် လိုအပ်သည့် ပြင်ပပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်း နိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း တင်ပြစေရန် ဆင့်ဆိုနိုင်သည်။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ သက်သေထွက်ဆိုချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် သက်ဆိုင်သည်၊ မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကို အဆုံး အဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်

လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည် ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်း တစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

(ခ) ကော်မတီ၏ရှေ့တွင် သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများ တင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့်ဆင့်ဆိုရမည်၊ ကော်မတီ၏ ရှေ့တွင် သက်သေထွက်ဆိုချက်များကို သို့မဟုတ် သက်သေခံ အဖြစ်တင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့်၊ မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

**ကော်မတီဝင်များ၏ ရပိုင်ခွင့်များ**

၉။ ကော်မတီဝင်များ၏ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးကြောင်း ဖော်ပြလျှင် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်၊

(ဂ) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို၊

(ဃ) ကော်မတီတွင်တင်ပြသည့် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

**ကော်မတီက ဆောင်ရွက်ခဲ့မှုများ**

၁၀။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပြဋ္ဌာန်းသောကြောင့် ယင်းဥပဒေနှင့်အညီ လွှတ်တော်အစည်းအဝေးများကျင်းပသည့်အခါ ခွင့်ပန်ကြားသည့် လွှတ်တော်ကိုယ်စားလှယ်များအားစိစစ်ပြီး အစည်းအဝေး အထမြောက်ခြင်းရှိ/မရှိနှင့် ကိုယ်စားလှယ်များခွင့်ပန်ကြားသည့်ကိစ္စများကို လွှတ်တော်အခွင့်အရေးကော်မတီက စိစစ်ဆောင်ရွက်ပေးရပါသည်။

၁၁။ လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်အများစုက တင်ပြကြသည့် အကြံပြုချက်များထဲမှ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများ

ဖွင့်လှစ်ဆောင်ရွက်ခွင့်ရရှိရေး၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်များ အဆင်ပြေချောမွေ့စွာရှိစေရေးနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် လွှတ်တော်အတွေ့အကြုံများ အဆင်ပြေချောမွေ့စွာ ရှင်းလင်းတင်ပြနိုင်ရေးဆိုင်ရာကိစ္စများကို အလေးထားလေ့လာသုံးသပ်ပြီး ဥပဒေအစိတ်အပိုင်းအဖြစ် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များကို အကြံပြု ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၂။ ၂၀၁၁ ခုနှစ်၊ မေလ ၃၀ ရက် ၁၄:၀၀ နာရီအချိန်တွင် လွှတ်တော်အခွင့်အရေး ကော်မတီသည် ကော်မတီဆောင် အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများအား တွေ့ဆုံ၍ လွှတ်တော်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ အခွင့်အရေးဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

၁၃။ လွှတ်တော်အခွင့်အရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပေါ်ထွန်းလာသော လွှတ်တော်များနှင့် လွှတ်တော်ကော်မတီများ၏ ဖွဲ့စည်းမှုတာဝန်များ၊ လုပ်ပိုင်ခွင့်နှင့်အခွင့်အရေးများကို နိုင်ငံတကာလွှတ်တော်များ၏ဖွဲ့စည်းတည်ဆောက်မှုနှင့် ချိန်ထိုးလေ့လာသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြသည်။

၁၄။ ၂၈-၁၀-၂၀၁၁ ရက်နေ့တွင် ကျင်းပခဲ့သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ် အမှတ်စဉ်(၁၃)တွင်ပါရှိသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးရေးအတွက် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဆိုပါဆုံးဖြတ်ချက်ကို သဘောမတူ ကန့်ကွက်လိုပါကြောင်းဖြင့် လွှတ်တော်အခွင့်အရေးကော်မတီသို့ စာဖြင့် တင်ပြလာခဲ့ကြပါသည်။

၁၅။ လွှတ်တော်အခွင့်အရေးကော်မတီသည် ဥပဒေကြမ်းကော်မတီနှင့် ပူးပေါင်းအစည်းအဝေး ကျင်းပပြီး အဆိုပါတင်ပြချက်များကို စိစစ်လေ့လာဆွေးနွေးခဲ့ကြပြီး အဆိုပါ ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်ကို ကန့်ကွက်ရန်နှင့် ပယ်ဖျက်ပေးရန် ပြည်သူ့လွှတ်တော်သို့ အရေးတကြီးအဆိုတစ်ရပ်အဖြစ် တင်သွင်းခွင့်ပြုရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

၁၆။ ၁-၁၁-၂၀၁၁ ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော် (၄၄)ရက်မြောက် အစည်းအဝေးတွင် လွှတ်တော်အခွင့်အရေးကော်မတီဝင် အတွင်းရေးမှူးက ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်းနှင့် အဆိုပါ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန်အတွက် အဆိုကို တင်သွင်းခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက ထောက်ခံဆွေးနွေးကြပြီး အဆိုကို ပြည်သူ့လွှတ်တော်တစ်ရပ်လုံးက ကန့်ကွက်သူမရှိ ထောက်ခံအတည်ပြုခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က အဆိုပါ အတည်ပြုထားသည့် အဆိုကို ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့ခဲ့ပါသည်။

၁၇။ ၁၈-၁၁-၂၀၁၁ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် စတုတ္ထနေ့ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက က ၂၈-၁၀-၂၀၁၁ ရက် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုမည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ပယ်ဖျက်ပေးခဲ့ပါသည်။

၁၈။ ၂၃-၃-၂၀၁၂ ရက်ထုတ် Hot News Journal တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဆွေးနွေးမေးမြန်းချက်ပါရှိလာရာ ယင်းဆွေးနွေး မေးမြန်းချက်တွင် ဖော်ပြထားချက်အချို့သည် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ထိပါးစေသောအချက်များပါရှိသဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက လက်မှတ်ရေးထိုး၍ လွှတ်တော်အခွင့်အရေးကော်မတီသို့ တင်ပြခဲ့ကြပါသည်။ လွှတ်တော်အခွင့် အရေးကော်မတီသည် ပြည်သူ့လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြ ခဲ့ပါသည်။

၁၉။ ပြည်ထောင်စုလွှတ်တော် နာယက သည် ၁၀-၄-၂၀၁၂ ရက်စွဲပါ စာအမှတ်၊၁/ပထ (စည်းဝေး) ၁၀/၂၀၁၂ - ၆၈ စာဖြင့် လွှတ်တော်အခွင့်အရေး ပူးပေါင်းကော်မတီကိုဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးခဲ့ ပါသည်။ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ပြောဆိုရာတွင် မိသားစုအသွင်သဘောရိုးဖြင့် ပြောဆို ဆွေးနွေးခဲ့မိခြင်းသာဖြစ်ပြီး လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကိုထိပါး စေရန် ရည်ရွယ်ချက်မရှိပါကြောင်း၊ ယင်းဆွေးနွေးချက်များအပေါ် အမှားပါပါက နားလည်ခွင့်လွှတ် ပေးပါရန်နှင့် လွှတ်တော်သို့ တောင်းပန်မည်ဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ကလည်း ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းတင်ပြပြီး ဂျာနယ်ပါဆွေးနွေးမေးမြန်းချက်နှင့် စပ်လျဉ်း၍ တောင်းပန်ခဲ့ပါသည်။

**မူကြမ်း**

၂၀။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် ကြာသာပတေးနေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်က Internet တွင် ဖော်ပြထားသော Above The Law ခေါင်းစဉ်ပါ ဒေါက်တာဆိတ်ဖွား၏ ဝေဖန်ချက်သည် လွှတ်တော်၏ဂုဏ်သိက္ခာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှု များကို ထိခိုက်စေသဖြင့် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးအဆို တင်သွင်း ခဲ့ပါသည်။ အဆိုပါအဆိုနှင့်ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်မှ ကော်မတီတစ်ရပ်ဖွဲ့စည်း၍ စုံစမ်း စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။

၂၁။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသည့် ကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် လွှတ်တော်ကိုယ်စားများ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ဆွေးနွေးခဲ့ကြပါသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပုဒ်မ ၃ ပါ ပုဒ်မခွဲ(က)တွင်ပါရှိသော ကျပ်သုံးသိန်း ဆိုသည့်စကားရပ်ကို ကျပ်တစ်ဆယ်သိန်းဖြင့် အစားထိုး ၍လည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော ကျပ်နှစ်သိန်းဆိုသည့် စကားရပ်ကို ကျပ်ငါးသိန်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေပုဒ်မ ၆ တွင်ပါရှိသော ကျပ်၂၀၀၀ ဆိုသည့်စကားရပ်နှင့် ကျပ် ၃၀၀၀ ဆိုသည့်စကားရပ်တို့ကို ကျပ် ၅၀၀၀ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ဥပဒေပုဒ်မ ၈ တွင်ပါရှိသော ကျပ် ၅၀၀၀ ဆိုသည့်စကားရပ်ကို ကျပ်တစ်သောင်း ဖြင့်လည်းကောင်း အသီးသီး အစားထိုး၍ ဥပဒေပြင်ဆင်ရန် ဥပဒေကြမ်းကော်မတီနှင့်ပူးပေါင်း၍ လွှတ်တော်သို့ တင်ပြဆောင်ရွက် နိုင်ခဲ့ပါသည်။

**ကော်မတီ၏ အစီရင်ခံစာများတင်ပြမှု**

၂၂။ ကော်မတီသည် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ အစီရင်ခံစာများ တင်သွင်းခဲ့ရာ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၀ရက်တွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်တွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂ ရက်တွင် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်၊ မေလ ၁၉ ရက်တွင် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် တစ်ကြိမ်တင်ပြခဲ့ပါသည်။

၂၃။ ၂၀၁၄ ခုနှစ်၊ မေလ ၁၉ ရက်တွင် တင်ပြခဲ့သည့် အစီရင်ခံစာပါ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးမှုမှရရှိသော အောက်ဖော်ပြပါ ညှိနှိုင်းသဘောတူညီချက်များအား ပြည်သူ့လွှတ်တော်သို့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၉ ရက်တွင် တင်သွင်းခဲ့ပြီး အတည်ပြုချက်ရယူနိုင်ခဲ့ပါသည်-

(က) ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၄၀(စ)အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကြယ်ပွင့်ပြမေးခွန်း(၅)ခု မေးမြန်းခွင့်ရရှိသော်လည်း မေးမြန်းသည့်မေးခွန်းအရေအတွက် များပြားသောကြောင့် အစည်းအဝေး သတ်မှတ်အချိန်အတွင်း မေးခွန်းမေးမြန်းခြင်း အစီအစဉ်ပြည့်စုံအောင် ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးသောမေးခွန်းများကိုသာ နှုတ်ဖြင့်ဖြေကြားရန် ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးရန်နှင့် ကျန်မေးခွန်းများအား စာဖြင့် ဖြေကြားပေးရန် ကြယ်ပွင့်မပြမေးခွန်းအဖြစ် မေးမြန်းရန်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများ မဆုံးရှုံးစေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တိုင်းအား ပုံမှန်အစည်းအဝေးများတွင် အနည်းဆုံး ကြယ်ပွင့်ပြမေးခွန်းတစ်ခုစီ မေးမြန်းခွင့်ရရှိရေးအတွက် အလှည့်ကျ ဦးစားပေးစီစဉ်ဆောင်ရွက်ပေးရန်၊ အစည်းအဝေးပြီးဆုံးချိန်တွင် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများအားစာဖြင့် ဖြေဆိုပေးရန်၊

(ဂ) ပြည်သူ့လွှတ်တော်နည်းဥပဒေတွင် မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းတို့အတွက် မေးခွန်းတစ်ခုလျှင် မေးမြန်းချိန်(၃)မိနစ်နှင့် ဖြေဆိုချိန် (၃)မိနစ် သတ်မှတ်ဆောင်ရွက်ရန်၊ အဆိုပါ အချိန်သတ်မှတ်ချက်ကို နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသတ်မှတ်ပေးရန်၊

(ဃ) အစည်းအဝေးအစီအစဉ်တစ်ခုတွင် မေးခွန်းချိန်တစ်နာရီအတွင်း မေးခွန်း(၈)ခု မေးမြန်းခွင့်ပြုရန်၊ မေးခွန်းမေးမြန်းသည့်အခါတွင် အချိန်(၃)မိနစ်အတွင်း ပြီးစီးရေးအတွက် လိုရင်းအချက်ကို ထိထိမိမိဖြင့် သံခိပ်အတိုချုပ် ရေးသားမေးမြန်းရန်နှင့် ယင်းမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များထံ အစည်းအဝေး မစမီ ကြိုတင်ဖြန့်ဝေထားရန်၊

(င) မေးခွန်းနှင့်ဆက်စပ်၍ ကျိုးကြောင်းဖော်ပြချက်များရှိပါက မေးမြန်းချိန်(၃)မိနစ် အတွင်း လွှတ်တော်အစည်းအဝေးတွင် တင်ပြရန်မလိုဘဲ ယင်းအချက်များအား သီးခြားစာဖြင့် အပြည့်အစုံရေးသားဖော်ပြပြီး သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းသို့ တင်ပြရန်အတွက် လွှတ်တော်ရုံးသို့ သီးခြားပေးပို့ရန်။

၂၄။ ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၀.၉.၂၀၁၄ ရက်တွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း မေးမြန်းခဲ့သော ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သော လွှတ်တော်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဟန်ချက်ညီ ဆောင်ရွက်မည့် အနာဂတ်အစီအမံများနှင့် ကြုံတွေ့ရမည့်စိန်ခေါ်မှုများ အခက်အခဲများကို ကျော်လွှားပြီး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အကြံပြုသုံးသပ်ချက်စာတမ်းအား ပြည်သူ့လွှတ်တော်သို့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်တွင် တင်သွင်းခဲ့ပါသည်။

**ကော်မတီတွင်းအစည်းအဝေးများကျင်းပခြင်း**

၂၅။ လွှတ်တော်အခွင့်အရေးကော်မတီသည် ကော်မတီအစည်းအဝေးများကို ၂၀၁၁ ခုနှစ်တွင် (၉) ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် (၆) ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် (၁၁) ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် (၅) ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် (၂) ကြိမ် စုစုပေါင်း (၃၃) ကြိမ် ကျင်းပခဲ့ပြီး ကော်မတီ၏တာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။

**နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှု**

၂၆။ လွှတ်တော်အခွင့်အရေးကော်မတီသည် နိုင်ငံတကာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့များနှင့် လက်ခံတွေ့ဆုံခဲ့ရာ ၂၆.၆.၂၀၁၂ ရက် (၁၄:၀၀) နာရီအချိန်တွင် လွှတ်တော်ဝင်းအတွင်းရှိ ကော်မတီ အဆောင်အမှတ် (I-1) ၌ အမေရိကန်ပြည်ထောင်စု Congressional Research F.Martin၊ ၂၃.၇.၂၀၁၂ ရက် (၁၆:၃၀) နာရီအချိန်တွင် ထိုင်းနိုင်ငံ၊ ပြည်ထောင်စုလွှတ်တော်မှ လွှတ်တော် အမတ်များဆိုင်ရာ အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ Mr.Pajit Sree-Wana-Kan တို့နှင့် လက်ခံတွေ့ဆုံ၍ လွှတ်တော်ရေးရာကိစ္စရပ်များ လွှတ်တော်ဆိုင်ရာ သုတေသနပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော် အချင်းချင်း ဆက်ဆံရေးနှင့် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြပါသည်။ ထို့နောက် ဟောင်ကောင်သုတေသနလက်ထောက် ပါမောက္ခဟောင်း အရှေ့တောင်အာရှ လေ့လာရေးအဖွဲ့ (ISEAS) အဖွဲ့ဝင်ဖြစ်သူ ပြင်သစ်သုတေသနပညာရှင် Dr.Egreteau အား ၂၀.၂.၂၀၁၅ ရက် နံနက် (၁၀;၃၀) နာရီတွင် နေပြည်တော် လွှတ်တော်ဝင်းအတွင်းရှိ ရေးရာဆောင်အမှတ် I-4 တွင်

လက်ခံတွေ့ဆုံ၍ လွှတ်တော်တွင်း ဥပဒေပြုသည့် လုပ်ငန်းများ၊ အခြေခံဥပဒေပြင်ဆင်သည့် အကြောင်းအရာများ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် Capacity Building လုပ်ငန်းများ လွှတ်တော်ကော်မတီများနှင့် အစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ကြပါသည်။ စတန်းဖို့ဒ်တက္ကသိုလ်၊ International Political Studies (IPS) ဘွဲ့လွန် မဟာတန်းကျောင်းသူ Kate Mellor ဦးဆောင်သည့် ပထမနှစ်သင်တန်းသားအဖွဲ့အား ပညာရေး မြှင့်တင်မှုကော်မတီဥက္ကဋ္ဌ Dr.ချမ်းငြိမ်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီမှ အတွင်းရေးမှူး Dr.စိုးရင် တို့က ၂၅.၃.၂၀၁၅ ရက်တွင် လက်ခံတွေ့ဆုံခဲ့ပါသည်။ လွှတ်တော် အခွင့်အရေးကော်မတီမှ အတွင်းရေးမှူး Dr.စိုးရင်သည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်တွင် ဩစတြေးလျအမျိုးသား တက္ကသိုလ်မှ Professor Andrew Walker ခေါင်းဆောင်သည့် အဖွဲ့အား လက်ခံတွေ့ဆုံ၍ လွှတ်တော်တွင်း ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။

**နိုင်ငံခြားသွားရောက်မှု မှတ်တမ်းများ**

၂၇။ လွှတ်တော်အခွင့်အရေးကော်မတီရှိ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ နိုင်ငံခြားသွားရောက်မှု မှတ်တမ်းများကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြထားပါသည်။

**ဥပဒေများဆောင်ရွက်ပြီးစီးမှု**

၂၈။ ကော်မတီသို့ တာဝန်ပေးထားသည့် ဥပဒေ (၄၆) ခုအနက် ပြဋ္ဌာန်းပြီးဥပဒေ (၉)ခု၊ ဆောင်ရွက်ဆဲ ဥပဒေ (၂) ခု ရှိပြီး၊ ကျန်ဥပဒေများမှာ လေ့လာဆဲဖြစ်ပါသည်-

(က) **ပြဋ္ဌာန်းပြီးဥပဒေများ**

(၁) ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေအမှတ် (၂၃/ ၂၀၁၂)

(၂) ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဥပဒေအမှတ်(၂၄/၂၀၁၂)

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၆/၂၀၁၃)

(၄) ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂၂/ ၂၀၁၃)

(၅) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၉/၂၀၁၄)

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေအမှတ်(၅၄/ ၂၀၁၄)

(၇) နေပြည်တော်ကောင်စီ၊ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေအမှတ် (၅၅/ ၂၀၁၄)

(၈) ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅၆/ ၂၀၁၄)

(၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅၇/၂၀၁၄)

(၁၀) ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁/၂၀၁၅)

**မူကြမ်း**

( ခ)    **ဆောင်ရွက်ဆဲဥပဒေများ**

(၁)    လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း

(၂)    နိုင်ငံရေးပင်စင် ဥပဒေ (ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄၊ ၁၉၈၀ ပြည့်နှစ်)

**လွှတ်တော်သို့တင်သွင်းသည့် မေးခွန်းနှင့်အဆိုများ**

၂၉။   လွှတ်တော်အခွင့်အရေးကော်မတီရှိ ကော်မတီဝင်များ မေးမြန်းခဲ့သည့်မေးခွန်းများ၊ အဆိုများကို နောက်ဆက်တွဲ(ဂ) ဖြင့် ဖော်ပြထားပါသည်။

**ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

၃၀။   လွှတ်တော်အခွင့်အရေးကော်မတီသည် လွှတ်တော်သက်တမ်း ၅ နှစ်အတွင်းလုပ်ငန်း အတွေ့အကြုံများပေါ်မူတည်၍ လွှတ်တော်ဂုဏ်သိက္ခာမြှင့်တက်ရေးနှင့် လွှတ်တော်လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါလုပ်ငန်းများကို ရှေ့လုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်ရန် အကြံပြုတင်ပြခဲ့ပါသည်-

(က)    လွှတ်တော်ကိုယ်စားလှယ်များလွှတ်တော်အတွင်း လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီကျင့်စဉ်နှင့်လျော်ညီစွာ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲများမထားရှိဘဲ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးရှေးရှုပြီး တပ်မတော်သားကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်း၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆောင်ရွက်ရန်၊

( ခ)    မဏ္ဍိုင်ကြီး(၃)ရပ် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းပြီး ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာတိုးမြှင့် ဆောင်ရွက်ရန်၊

( ဂ)    လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် အုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အကြား ဆက်သွယ်ဆက်ဆံမှုကို ယခုထက် ပိုမိုချောမွေ့စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ဆောင်ပေးရန်၊

(ဃ)    လွှတ်တော်လုပ်ငန်းများနှင့် ကော်မတီလုပ်ငန်းများကို ထိရောက်စွာပံ့ပိုးပေးနိုင်မည့် အရည်အသွေးများ ရရှိစေရန်အတွက် လိုအပ်သောအရင်းအမြစ်များ စုဆောင်းဖြည့်ဆည်းကာ ဝန်ထမ်းများအား အလုပ်ခွင်သင်တန်းများ on the job training

နှင့် အရည်အသွေးမြှင့် သင်တန်းများ capacity building များ တိုးချဲ့ဖွင့်လှစ် လေ့ကျင့်ပေးရန်၊

( င) လွှတ်တော်၏ သတင်းဆောင်ရွက်ချက်များကို ပိုမို ပွင့်လင်းမြင်သာမှုရှိစေရန် ICT ကို အခြေခံသော လူထုနှင့် ထိတွေ့ဆက်ဆံနိုင်မည့် လွှတ်တော်စာမျက်နှာကို သီးသန့်ဖွင့်လှစ်ပြီး ပြည့်စုံစွာဖော်ပြပေးခြင်း၊ လွှတ်တော် နေ့စဉ်သတင်းလွှာများ ထုတ်ဝေပေးရန်၊ Website/e-newsletter များဖြင့် အချိန်နှင့် တစ်ပြေးညီ ဖော်ပြပေးရန်၊ သတင်းမီဒီယာအဖွဲ့များနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ပြီး သတင်း ထုတ်ပြန်ပေးရန်၊

( စ) ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များအကြား အပြန်အလှန် ဆက်သွယ်မှု ပိုပြင်စွာ တိုးမြှင့်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) ၏ လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ နိုင်ငံတကာ လွှတ်တော်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်ပိုမို၍ တိုးမြှင့်ဆောင်ရွက်ရန်၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်များသည် ဖွံ့ဖြိုးရေးရန်ပုံငွေ တိုးတက်ရရှိအောင် ဆောင်ရွက်ပြီး ဒေသခံပြည်သူတို့၏ လိုအပ်ချက်နှင့် အညီဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ် တိုးချဲ့ ဆောင်ရွက်ရန်၊

( ဇ) လွှတ်တော်၏အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်သဖြင့် အနာဂတ်တွင် ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ စိန်ခေါ်မှုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များအချင်းချင်း ညီညွတ်စွာညှိနှိုင်းဆောင်ရွက်ကြပြီး နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် ဦးစားပေး ဆုံးဖြတ်ဆောင်ရွက်ကြရန်၊ ထို့အတူ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့တို့နှင့်လည်း အပြန်အလှန်ညှိနှိုင်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဦးစားပေးပြီး ဆုံးဖြတ်ဆောင်ရွက်ကြရန်။

၃၁။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီသည် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏

တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပြီး ဆောင်ရွက်ပေးခဲ့ပါသည်။ လွှတ်တော်က အခါအားလျော်စွာ တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စများနှင့် အခြားတာဝန်များကိုလည်း ကျေပွန်စွာဆောင်ရွက်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**နောက်ဆက်တွဲ (က)**

**လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းခဲ့သည့် အမိန့်ကြော်ငြာစာ အမှတ်များ**

၁။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်သူ့လွှတ်တော်၏ပထမပုံမှန်အစည်းအဝေးကာလဖြစ်သော ၂၀၁၁ ခုနှစ်၊ မတ်လ ၄ ရက်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ အမိန့်ကြော်ငြာစာအမှတ်(၃၁/၂၀၁၁)၊ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၅ ရက်တွင် ဦးအေးဖေ၊ ဦးသိန်းလွင်၊ ဦးတင်မောင်ဦး၊ ဦးလှမြင့်ဦးတို့အစား ဦးအောင်ဆန်း၊ ဗိုလ်မှူးစိုးသိန်းထွဋ်၊ ဦးကျော်နိုင်ဌေး၊ ဦးမြသိန်းတို့နှင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၃။ အမိန့်ကြော်ငြာစာအမှတ်(၁၇/၂၀၁၂)၊ ၂၁.၈.၂၀၁၂ ရက်တွင် ဦးကျော်နိုင်ဌေး အစား၊ ဦးအုန်းကြိုင် (မဟာအောင်မြေ) နှင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၄။ အမိန့်ကြော်ငြာစာအမှတ်(၄၂/၂၀၁၂)၊ ၉.၁၁.၂၀၁၂ ရက်တွင် ဦးပိုက်ထွေး အစား ဦးကျော်နိုင်ဌေး (အင်းတော်) နှင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၅။ အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၁၃)၊ ၂၂.၃.၂၀၁၃ ရက်တွင် ဦးမင်းဆွေအစား ဦးတင်မောင် (ချမ်းမြသာစည်) နှင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၆။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဝေလင်းက လွှတ်တော်အခွင့်အရေးကော်မတီတွင် အမြဲတမ်း အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသော ဗိုလ်မှူးစိုးသိန်းထွဋ်အစား ဗိုလ်မှူးကြီးမြင့်ဟန်ဖြင့် ပြောင်းလဲပြင်ဆင်ခွင့်ပြုရန် တင်ပြခဲ့သဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

**မူကြမ်း**

နောက်ဆက်တွဲ (ခ)

ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေး ကာလအတွင်း နိုင်ငံခြားသွားရောက်ခဲ့မှုများ

| စဉ် | အမည် | မဲဆန္ဒနယ် | သွားရောက်ခဲ့သည့်နိုင်ငံ | အကြိမ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဦးနန္ဒကျော်စွာ | ဒဂုံ | ယူဂန်ဒါ၊ ကနေဒါ၊ ဂျာမနီ၊ ကိုရီးယား၊ တရုတ်၊ ဆွီဒင်၊ ဒိန်းမတ်၊ နော်ဝေ၊ မက္ကဆီကို၊ မလေးရှားနှင့် ဂျပန်နိုင်ငံ | ၁၀ | |
| ၂။ | ဒေါက်တာစိုးရင် | ကမာရွတ် | အိန္ဒိယ၊ ဘရူနိုင်း၊ ဩစတေးလျ၊ လာအိုနှင့် မလေးရှား နိုင်ငံ | ၆ | |
| ၃။ | ဦးမြင့်စိုး | ပျော်ဘွယ် | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၂ | |
| ၄။ | ဒေါ်နန်းနွံ | ရှားတော | ကမ္ဘောဒီးယားနှင့် ဆွီဒင်နိုင်ငံ | ၂ | |
| ၅။ | ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီ | ကျောက်မဲ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁ | |
| ၆။ | ဒေါ်မိမြင့်သန်း | ရေး | နော်ဝေ၊ စင်္ကာပူ | ၂ | |
| ၇။ | ဦးမြသိန်း | မုဒုံ | အိန္ဒိယနိုင်ငံ | ၁ | |
| ၈။ | ဦးကျော်နိုင်ဋ္ဌေး | အင်းတော် | ဂျာမနီနိုင်ငံ | ၁ | |
| ၉။ | ဒေါက်တာစံလှိုင် | တောင်ကုတ် | ဟန်ဂေရီ နိုင်ငံ | ၁ | |
| ၁၀။ | ဒေါက်တာသန်းဝင်း | မ/ဥက္ကလာပ | ဘယ်လဂျီယံ နိုင်ငံ | ၁ | |
| ၁၁။ | ဦးစိုးဝင်း | ကျောက်တံတား | တရုတ်နိုင်ငံ | ၁ | |
| ၁၂။ | ဦးစောသိန်းအောင် | လှိုင်းဘွဲ့ | နော်ဝေ | | |

မူကြမ်း

| | | | | | |
|---|---|---|---|---|---|
| ၁၃။ | ဗိုလ်ချုပ်တောက်ထွန်း | တပ်မတော်သား | ထိုင်းနိုင်ငံ | ၁ | |

နောက်ဆက်တွဲ (ဂ)

## ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေး ကာလအတွင်း မေးမြန်းခဲ့သည့် မေးခွန်းနှင့်အဆိုများ

| စဉ် | အမည် | မဲဆန္ဒနယ် | မေးခွန်း | | အဆို | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | | |
| ၁။ | ဦးနန္ဒကျော်စွာ | ဒဂုံ | ၂ | - | - | |
| ၂။ | ဒေါက်တာစိုးရင် | ကမာရွတ် | ၁၃ | - | ၂ | |
| ၃။ | ဒေါ်မိမြင့်သန်း | ရေး | ၂၄ | ၁၅ | ၅ | |
| ၄။ | ဦးစောသိန်းအောင် | လှိုင်းဘွဲ့ | ၅ | ၃ | ၄ | |
| ၅။ | ဒေါက်တာစံလှိုင် | တောင်ကုတ် | ၁ | ၁၁ | ၂ | |
| ၆။ | ဦးမြင့်စိုး | ပျော်ဘွယ် | ၆၈ | ၄၉ | ၈ | |
| ၇။ | ဒေါက်တာသန်းဝင်း | မ/ဥက္ကလာပ | ၂၈ | ၈ | ၄ | |
| ၈။ | ဦးစိုးဝင်း | ကျောက်တံတား | ၃၁ | ၁ | ၁ | |
| ၉။ | ဒေါ်နန်းနွံ | ရှားတော | ၁၂ | ၇ | ၁ | |

| စဉ် | အမည် | မဲဆန္ဒနယ် | မေးခွန်း | | အဆို | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | | |
| ၁၀။ | ဦးနယ်(လ်)ဆင်(ခ)<br>ဦးဆောင်ဆီ | ကျောက်မဲ | ၉ | ၂ | - | |

မူကြမ်း

| | | | | | | |
|---|---|---|---|---|---|---|
| ၁၁။ | ဦးကျော်နိုင်ဌေး | အင်းတော် | ၁၀ | ၁ | ၆ | |
| ၁၂။ | ဦးတင်မောင် | ချမ်းမြသာစည် | ၁၉ | - | - | |
| ၁၃။ | ဦးအုန်းကြိုင် | မဟာအောင်မြေ | ၄ | ၁ | ၂ | |
| ၁၄။ | ဦးမြသိန်း | မုဒုံ | ၁၁ | ၂ | - | |

**လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၇-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်တဲ့အတွက် အစီရင်ခံစာ တင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမြဦး(အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မှုကော်မတီ)။** ။ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ ကြွရောက်လာကြသူအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ပါစေလို့ ပဏာမနှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွါန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦးဖြစ်ပါတယ်။ ပညရေးမြှင့်တင်မှုကော်မတီရဲ့ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ အခု ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းအစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ရန် စုစည်းတင်သွင်း ရခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းခြင်းအနေနဲ့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၁) ဖြင့် အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ပါတယ်။ ကော်မတီဝင်သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှ တစ်နှစ်သတ်မှတ်ထားပြီး

**မူကြမ်း**

နှစ်အလိုက် ကော်မတီသက်တမ်းကို တိုးမြှင့်ပေးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှာ ပြည်သူ့လွှတ်တော်အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၂)၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက် ရက်စွဲပါ စာအမှတ် ပြည်သူ့လွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့စာအမှတ် ၀၅/ပသ (ကမရ)၁/၂၀၁၃-၁၄၅၊ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့နှင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့များမှာ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၅)တို့ဖြင့် အဖွဲ့ဝင်များ အစားထိုးခြင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပုဂ္ဂိုလ် (၂)ဦးကို တွဲဖက်တာဝန် ပေးအပ်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ကော်မတီရဲ့လုပ်ငန်းတာဝန်များမှာ (၆) ရပ်ရှိပါတယ်။

(က) ပညာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ပြည်သူတို့၏ ပညာရေးတိုးတက်စေရေးတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဃ) ကော်မတီသည် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လွှတ်တော်သို့ တင်ပြရမည်။

(င) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**မူကြမ်း**

လုပ်ငန်းဆောင်ရွက်ချက်များအနေနဲ့ ပညာရေးနှင့်သက်ဆိုင်သည့် ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများက ကျင့်သုံးလျက်ရှိသော ဥပဒေ (၁၃)ခုအနက်မှ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များကို လေ့လာသုံးသပ်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ခေါ်လျက်စိစစ်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ပြင်ဆင်ရန်ဥပဒေ(၃) ခု၊ အသစ်ရေးဆွဲရန် ဥပဒေ(၁၀) ခုရှိကြောင်း တင်ပြနိုင်ခဲ့ပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းအတွင်း ယနေ့အထိအတည်ပြုပြဋ္ဌာန်းပြီးသော ပညာရေး ဥပဒေများမှာ-

(က) အမျိုးသားပညာရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၄၁/ ၂၀၁၄)

(ခ) အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၃၈/ ၂၀၁၅)

(ဂ) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၁၄/ ၂၀၁၁)တို့ဖြစ်ပါသည်။

ထိုသို့ပညာရေးဆိုင်ရာဥပဒေများကို စိစစ်ရာတွင် အဆိုပါဥပဒေများမှာ ကဏ္ဍတစ်ခုချင်း အလိုက်သာ ပြဋ္ဌာန်းထားကြောင်းတွေ့ရှိရပြီး နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် အားလုံးလွှမ်းခြုံ သည့် မိခင်ဥပဒေတစ်ခု အသစ်ပြဋ္ဌာန်းရန် လိုအပ်ကြောင်းကိုလည်း သုံးသပ်ရရှိခဲ့ပါသည်။ အထက် ဖော်ပြပါ ပညာရေးကဏ္ဍအသီးသီး၏ ပင်မဥပဒေဖြစ်သော အမျိုးသားပညာရေးဥပဒေကို ကော်မတီ အနေဖြင့် ပါဝင်ဆွေးနွေးအကြံပြုနိုင်ခဲ့ပါသည်။ ထိုသို့ ဆွေးနွေးအကြံပြုနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများ၊ ပြင်ပပညာရှင်များ၊ ပညာရေး အတွေ့အကြုံရှိသူများ၏ အကြံပြုချက်များကို ဖိတ်ခေါ်ဆွေးနွေးခြင်း၊ အကြံပြုစာများ ရယူလက်ခံခြင်း တို့ ပြုလုပ်ခဲ့ပါသည်။

တည်ဆဲဥပဒေများ အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ရန် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များထံမှ သတင်းရယူခြင်းဖြင့်လည်း ကောင်း၊ တိုင်စာ၊ အသနားခံစာများဖြင့်လည်းကောင်း၊ ဥပဒေစည်းကမ်း မလိုက်နာမှုများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ထပ်ဆင့်တင်ပြစစ်ဆေးနိုင်ခဲ့ပါသည်။ တိုင်ကြားစာများ၊ အသနားခံစာများ တင်ပြချက်များကို ကြားနာစိစစ်ခြင်းနှင့် ပတ်သက်၍ တင်ပြစာ၊ အကြံပြုစာ၊

တိုင်ကြားစာ စုစုပေါင်း ၁၃၀၁ စောင်တို့ကိုရရှိခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြား ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးလိုအပ်ချက်များကို ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ကဏ္ဍခွဲခြား၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ကဏ္ဍများမှာ-

(က) ကျောင်းအဆင့်တိုးခြင်း

(ခ) ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

(ဂ) အန္တရာယ်ရှိကျောင်းဆောင်များအား အသစ်ပြန်လည်ဆောက်လုပ်ခြင်း

(ဃ) ဥပဓိရုပ်မကောင်းသောကျောင်းများကို ပြုပြင်ခြင်း

(င). ဆရာ/ဆရာမ လိုအပ်ချက် ဖြည့်ဆည်းခြင်းဟူ၍ ဖြစ်ပါသည်။

ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းသည် ဘွဲ့ဒိန်းတော်ကြီးသင်ဆရာ/ ဆရာမများအတွက် ထောက်ပံ့ငွေတိုးတက်စေရန် အရေးကြီးအဆိုကို ၂၁-၁၀-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ထို့အတူ အတွင်းရေးမှူး ဒေါက်တာမြဦးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သော ပညာရေးကဏ္ဍမြှင့်မားရေးအတွက် အမျိုးသားပညာရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်လိုအပ်ကြောင်း အရေးကြီးအဆိုကို ၉-၁၁-၂၀၁၂ ရက်နေ့တွင် တင်ပြနိုင်ခဲ့ပါသည်။

ကော်မတီအစည်းအဝေးကျင်းပမှုအနေနဲ့ ကော်မတီအစည်းအဝေးများကို ၂၀၁၁ ခုနှစ်တွင် ရှစ်ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် ၁၃ ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ၂၅ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ၂၂ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ၁၀ ကြိမ် စုစုပေါင်း ၇၈ ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။ ၎င်းအစည်းအဝေးများတွင် ပညာရေးနှင့်ဆိုင်သောဥပဒေများ၊ လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြလာသော ပညာရေးလိုအပ်ချက်များ၊ ပညာရေးဘတ်ဂျက်ကိစ္စများ၊ ပြည်သူများပညာရေးတိုးတက်ရေးကိစ္စများတို့ကို ဆွေးနွေးခဲ့ကြပါသည်။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအနေနဲ့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်တွင်းပြည်ပအဖွဲ့အစည်းပေါင်း ရှစ်ခုနှင့် ရှစ်ကြိမ်တိုင်တိုင်တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ နိုင်ငံခြားခရီးစဉ်အနေနဲ့ အတွင်းရေးမှူးအပါအဝင် ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင် ကိုး ဦးသည် ၁၂ ကြိမ်သွားရောက်၍ ပညာရေးဆိုင်ရာများကို လေ့လာနိုင်

ခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်းအနေနဲ့ ပညာရေးဝန်ကြီးဌာနမှ ၇-၁၀-၂၀၁၃ ရက်နေ့တွင် MICC ၌ကျင်းပခဲ့တဲ့ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲမှာ ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်များအားလုံး တက်ရောက်ခဲ့ကြပါတယ်။ ဒါ ပညာရေးဝန်ကြီးဌာနမှ ၁၆-၉-၂၀၁၂ မှ ၁၈-၉-၂၀၁၂ အထိကျင်းပသော အမျိုးသားအဆင့် ပညာရေးကဏ္ဍဆွေးနွေးပွဲနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ၂-၁၁-၂၀၁၂ ရက်နေ့တွင်ကျင်းပသော အမျိုးသားအဆင့် သိပ္ပံနှင့်နည်းပညာ ကဏ္ဍအလုပ်ရုံဆွေးနွေးပွဲများအပြင် အခြားပညာရေးဆိုင်ရာ ဆွေးနွေးပွဲ ၁၁ ခုသို့ ကော်မတီဝင်များ အလှည့်ကျတက်ရောက်နိုင်ခဲ့ကြပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြည်သူများနှင့် အဓိကထိတွေ့နိုင်သော လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများ၏ ပညာရေးလိုအပ်ချက်များကို ဖော်ထုတ်ပြီး သက်ဆိုင်ရာဌာနများသို့တင်ပြခြင်း၊ အကြံပေးခြင်း၊ အမျိုးသားပညာရေး ဥပဒေနှင့်ဆက်စပ်သော ဆင့်ပွားဥပဒေများပေါ်ပေါက်ရေးတွင် ပါဝင်ပူးပေါင်းပြီး လက်တွေ့ကျကျ ဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ပညာရေးကို မြှင့်တင်နိုင်မည်ဟုယုံကြည်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ UNICEF မှ ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ပါမောက္ခများလက်ခံ တွေ့ဆုံ၍ အတွေ့အကြုံဖလှယ်ခြင်းဖြင့် ရေရှည်တည်တံ့၍ နိုင်ငံတကာအဆင့်မီသော ပညာရေးစနစ် တစ်ခုပေါ်ပေါက်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း နိဂုံးချုပ်အနေနဲ့ တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

## ပညာရေးမြှင့်တင်မှုကော်မတီလုပ်ငန်းအစီရင်ခံစာ

**နိဒါန်း**

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ပါရန် စုစည်း တင်ပြအပ်ပါသည်။

**ဖွဲ့စည်းခြင်း**

၂။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့ တွင် အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၁ ဖြင့် အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် အောက်ပါအတိုင်း စတင်ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ပါသည်။ ကော်မတီ

ဝင်သက်တမ်းမှာ စတင်ဖွဲ့စည်းသည့် နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပြီး နှစ်အလိုက် ကော်မတီသက်တမ်းတိုးမြှင့်ပေးခဲ့ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒေါက်တာချမ်းငြိမ်း | ကန့်ဘလူမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစောဂျိမ်း | အိမ်မဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်နန်းနွံ | ရှားတောမဲဆန္ဒနယ် | ,, |
| (ဃ) | ဦးခွန်လိန်း | ဖလမ်းမဲဆန္ဒနယ် | ,, |
| (င) | ဦးထွန်းဆာ | တန့်ယန်းမဲဆန္ဒနယ် | ,, |
| (စ) | ဦးမြင့်ရွှေ | ဝေါမဲဆန္ဒနယ် | ,, |
| (ဆ) | ဦးကြင်သိန်း | ပဲခူးမဲဆန္ဒနယ် | ,, |
| (ဇ) | ဦးစဲကီကော် | မိုင်းခတ်မဲဆန္ဒနယ် | ,, |
| (ဈ) | ဦးကျော်ညွန့် | ကျွန်းလှမဲဆန္ဒနယ် | ,, |
| (ည) | ဦးထွန်းမြင့်ဦး | မိုင်းပန်မဲဆန္ဒနယ် | ,, |
| (ဋ) | ဦးခင်မောင်မြင့် | ပေါင်မဲဆန္ဒနယ် | ,, |
| (ဌ) | ဦးကြည်မောင် | မြစ်သားမဲဆန္ဒနယ် | ,, |
| (ဍ) | ဦးစိုးအောင် | သဲကုန်းမဲဆန္ဒနယ် | ,, |
| (ဎ) | ဦးသိန်းညွန့် | သဃ်န်းကျွန်းမဲဆန္ဒနယ် | ,, |
| (ဏ) | ဒေါက်တာမြဦး | ငါန်းဇွန်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၃။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၂)၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက် ရက်စွဲပါ ပြည်သူ့လွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)၊ ၂၀၁၃ ခုနှစ် ဇူလိုင်လ (၁၈) ရက်စာအမှတ် (၀၅/ပသ (ကမရ) ၁/၂၀၁၃ - ၁၄၅၊ ၂၀၁၃ ခုနှစ် ဩဂုတ်လ (၂၉) ရက်နှင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၅) တို့ဖြင့် အဖွဲ့ဝင်များ အစားထိုးခြင်း လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခြင်းနှင့် တွဲဘက်တာဝန်ပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

**မူကြမ်း**

၄။ ယခုလက်ရှိ ကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာချမ်းငြိမ်း | ကန့်ဘလူမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစောဂျိမ်း | အိမ်မဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစိန်ထွန်း | ထန်းတပင်မဲဆန္ဒနယ် | ॥ |
| (ဃ) | ဒေါ်စုစုလွင် | သုံးခွမဲဆန္ဒနယ် | ॥ |
| (င) | ဦးထွန်းဆာ | တန့်ယန်းမဲဆန္ဒနယ် | ॥ |
| (စ) | ဦးမြင့်ရွှေ | ဝေါမဲဆန္ဒနယ် | ॥ |
| (ဆ) | ဦးကြင်သိန်း | ပဲခူးမဲဆန္ဒနယ် | ॥ |
| (ဇ) | ဦးစံကီကော် | မိုင်းခတ်မဲဆန္ဒနယ် | ॥ |
| (ဈ) | ဦးကျော်ညွန့် | ကျွန်းလှမဲဆန္ဒနယ် | ॥ |
| (ည) | ဦးထွန်းမြင့်ဦး | မိုင်းပန်မဲဆန္ဒနယ် | ॥ |
| (ဋ) | ဦးခင်မောင်မြင့် | ပေါင်မဲဆန္ဒနယ် | ॥ |
| (ဌ) | ဦးကြည်မောင် | မြစ်သားမဲဆန္ဒနယ် | ॥ |
| (ဍ) | ဦးမန်းဂျော်နီ | မြောင်းမြမဲဆန္ဒနယ် | ॥ |
| (ဎ) | ဦးကျော်မင်း | လက်ပံတန်းမဲဆန္ဒနယ် | ॥ |
| (ဏ) | ဒေါက်တာမြဦး | ငါန်းဇွန်မဲဆန္ဒနယ် | အတွင်းရေးမှူး |
| (တ) | ဒု-ဗိုလ်မှူးကြီးစောရွှေ | | လေ့လာသူ |
| (ထ) | ဒု-ဗိုလ်မှူးကြီးခင်မောင်ဆွေ | | လေ့လာသူ |
| (ဒ) | ဒု-ဗိုလ်မှူးကြီးဇော်နိုင်ဦး | | လေ့လာသူ |
| (ဓ) | ဗိုလ်မှူးဇင်လင်း | | လေ့လာသူ |
| (န) | ဗိုလ်မှူးထိန်လင်း | | လေ့လာသူ |

**မူကြမ်း**

(ပ) ဦးဘိုဝင်း တွဲဖက်အဖွဲ့ဝင်

(ဖ) ဒေါ်မြမြဝင်း တွဲဖက်အဖွဲ့ဝင်

၅။ **ကော်မတီ၏တာဝန်**

ကော်မတီ၏ တာဝန်(၆)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပညာရေးမြှင့်တင်မှုကော်မတီဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ပြည်သူတို့၏ ပညာရေးတိုးတက်စေရေးတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဃ) ကော်မတီသည် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လွှတ်တော်သို့ တင်ပြရမည်။

(င) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၆။ ပညာရေးနှင့်သက်ဆိုင်သည့် ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများက ကျင့်သုံးလျက်ရှိသော ဥပဒေ (၁၃) ခုအနက်မှ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များကို လေ့လာသုံးသပ်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များကို

ဖိတ်ခေါ်လျက်စိစစ်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာမှာ ပြင်ဆင်ရန်ဥပဒေ(၃) ခု၊ အသစ်ရေးဆွဲရန် ဥပဒေ(၁၀) ခု တွေ့ရှိကြောင်း တင်ပြနိုင်ခဲ့ပါသည်။

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းအတွင်း အတည်ပြုပြဋ္ဌာန်းပြီးသော ပညာရေး ဥပဒေများမှာ

(က) အမျိုးသားပညာရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁/ ၂၀၁၄)

(ခ) အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၈/ ၂၀၁၅)

(ဂ) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ( ၁၄/၂၀၁၁) တို့ ဖြစ်ပါသည်။

၈။ ထိုသို့ပညာရေးဆိုင်ရာ ဥပဒေများကို စိစစ်ရာတွင် အဆိုပါဥပဒေများမှာ ကဏ္ဍတစ်ခုချင်း အလိုက်သာ ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပြီး နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အားလုံးလွှမ်းခြုံသည့် မိခင်ဥပဒေတစ်ခု အသစ်ပြဋ္ဌာန်းရန် လိုအပ်ကြောင်းကိုလည်း သုံးသပ်ရရှိခဲ့ပါသည်။

၉။ အထက်ဖော်ပြပါ ပညာရေးကဏ္ဍအသီးသီး၏ ပင်မဥပဒေဖြစ်သော အမျိုးသားပညာရေး ဥပဒေကို ကော်မတီအနေဖြင့် ပါဝင်ဆွေးနွေးအကြံပြုနိုင်ခဲ့ပါသည်။ ထိုသို့ ဆွေးနွေးအကြံပြုနိုင်ရန် အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများ၊ ပြင်ပ ပညာရှင်များ၊ ပညာရေး အတွေ့အကြုံရှိသူများ၏ အကြံပြုချက်များကို ဖိတ်ခေါ်ဆွေးနွေးခြင်း၊ အကြံပြုစာများ ရယူလက်ခံခြင်းတို့ ပြုလုပ်ခဲ့ပါသည်။

၁၀။ တည်ဆဲဥပဒေများ အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ရန် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များထံမှ သတင်းရယူခြင်းဖြင့် လည်းကောင်း၊ တိုင်စာ၊ အသနားခံစာများဖြင့်လည်းကောင်း၊ ဥပဒေစည်းကမ်း မလိုက်နာမှုများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ထပ်ဆင့်တင်ပြခဲ့ပါသည်။

၁၁။ တိုင်ကြားစာများ၊ အသနားခံစာများ တင်ပြချက်များကို ကြားနာစိစစ်ခြင်းနှင့် ပတ်သက်၍ တင်ပြစာ၊ အကြံပြုစာ၊ တိုင်ကြားစာ စုစုပေါင်း (၁၃၀၁) စောင်တို့ကိုရရှိခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြား ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။

၁၂။ ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးလိုအပ်ချက်များကို ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ကဏ္ဍခွဲခြား၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ကဏ္ဍများမှာ-

(က) ကျောင်းအဆင့်တိုးခြင်း

(ခ) ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

(ဂ) အန္တရာယ်ရှိကျောင်းဆောင်များအား အသစ်ပြန်လည်ဆောက်လုပ်ခြင်း

(ဃ) ဥပဓိရုပ်မကောင်းသောကျောင်းများကို ပြုပြင်ခြင်း

(င) ဆရာ/ဆရာမ လိုအပ်ချက် ဖြည့်ဆည်းခြင်းဟူ၍ ဖြစ်ပါသည်။

၁၃။ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းသည် ဘုန်းတော်ကြီးသင်ဆရာ/ဆရာမများအတွက် ထောက်ပံ့ငွေတိုးတက်စေရန် အရေးကြီးအဆိုကို ၂၁-၁၀-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ထို့အတူ အတွင်းရေးမှူး ဒေါက်တာမြဦးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သော ပညာရေးကဏ္ဍမြှင့်မားရေးအတွက် အမျိုးသားပညာရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်လိုအပ်ကြောင်း အရေးကြီးအဆိုကို ၉-၁၁-၂၀၁၂ ရက်နေ့တွင် တင်ပြနိုင်ခဲ့ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

၁၄။ ကော်မတီအစည်းအဝေးများကို ၂၀၁၁ ခုနှစ်တွင် (၈) ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် (၁၃) ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် (၂၅) ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် (၂၂) ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် (၁၀) ကြိမ် စုစုပေါင်း (၇၈) ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။ ၎င်းအစည်းအဝေးများတွင် ပညာရေးနှင့်ဆိုင်သောဥပဒေများ လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြလာသော ပညာရေးလိုအပ်ချက်များ၊ ပညာရေးဘတ်ဂျက်ကိစ္စများ၊ ပြည်သူများပညာရေးတိုးတက်ရေးကိစ္စများတို့ကို ဆွေးနွေးခဲ့ကြပါသည်။

**ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ**

၁၅။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားအဖွဲ့အစည်းများဖြစ်သည့် ဩစတေးလျနိုင်ငံမှ Kaye Schofield နှင့် ဦးဆောင်သောအဖွဲ့ဝင် (၄) ဦးပါ ကိုယ်စားလှယ်များအား (၁၃-၃-၂၀၁၃) ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၅) ဦးတို့က လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ

UNICEF မှ Chief of Education Ms.Niki Abrishian နှင့် အဖွဲ့ဝင် ( ၂ ) ဦးအား (၁၈-၇-၂၀၁၃) ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၄) ဦးတို့က လည်းကောင်း ၊ စင်္ကာပူနိုင်ငံ Lee Kuan Yew School of Public Policy အဖွဲ့ဝင် (၅) ဦးပါသော ကိုယ်စားလှယ်အဖွဲ့အား (၂၉-၁၀-၂၀၁၃) ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်းကောင်း တွေ့ဆုံခဲ့ပါသည်။

၁၆။ နော်ဝေ ဝန်ကြီးချုပ်ဟောင်း Mr.Kjell Magame Bondeivk နှင့် အဖွဲ့ဝင် (၂) ဦးတို့ကို (၁၀-၂-၂၀၁၄)ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၅) ဦးတို့က လက်ခံတွေ့ဆုံပြီး ပညာရေး ဆိုင်ရာ ကိစ္စရပ်များကို နှီးနှောဖလှယ်ခဲ့ကြပါသည်။

၁၇။ ထို့အပြင် (၂၅-၃-၂၀၁၅) ရက်နေ့တွင် စတန်းဖို့ဒ်တက္ကသိုလ် International Political Studies (IPS) ဘွဲ့လွန် မဟာတန်းကျောင်းမှ Kate Mellor ဦးဆောင်သည့် (IPS) ပထမနှစ်သင်တန်း သားအဖွဲ့ကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းနှင့်အတူ လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိ သူများက တွေ့ဆုံခဲ့ပါသည်။

၁၈။ ပြည်တွင်းအဖွဲ့အစည်းများဖြစ်သည့် ဩစတေးလျတက္ကသိုလ်နှင့် အင်္ဂလန်တက္ကသိုလ် အသီးသီးတို့မှ ကျောင်းသား/ ကျောင်းသူများအား ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းနှင့်အတူ အတွင်းရေးမှူး ဒေါက်တာမြဦး၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာမောင်မောင်ဝင့်၊ အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးသန်းနွယ်နှင့် ပညာရေး မြှင့်တင်မှုကော်မတီဝင် ဒေါ်စုစုလွင်တို့က တွေ့ဆုံခဲ့ပါသည်။

၁၉။ ပြည်တွင်းအဖွဲ့အစည်း တစ်ခုဖြစ်သည့် ငြိမ်းဖောင်ဒေးရှင်းမှ အသင်းဥက္ကဋ္ဌ ဒေါ်နီဂျာနန်နှင့် အဖွဲ့ဝင် (၅) ဦး အား ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင် (၇) ဦး၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ အတွင်းရေးမှူး ဒေါ်ဒွဲဘူတို့က (၂၁-၂-၂၀၁၄) ရက်နေ့တွင် လည်းကောင်း၊ မြန်မာဖူးဘရိုက် (Full Bright) ကျောင်းသားဟောင်းများ အသင်းမှ (၁၀) ဦးအား ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်(၈) ဦး တို့ကလည်းကောင်း (၂၅-၆-၂၀၁၄) ရက်နေ့တွင်တွေ့ဆုံကာ ပညာရေးနှင့်သက်ဆိုင်သော ကိစ္စရပ် များဆွေးနွေးခဲ့ကြပါသည်။

## နိုင်ငံခြားခရီးစဉ်များ

၁၉။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် အာဆီယံ ပါလီမန်များ ညီလာခံအစည်းအဝေးကို ဦးခွန်လိန်း (ဖလန်းမဲဆန္ဒနယ်)နှင့် ဒေါ်နန်းနွဲ (ရှားတောမဲဆန္ဒနယ်) တို့သည် (၁-၉-၂၀၁၁) မှ (၂၄-၉-၂၀၁၁) ရက်နေ့အထိလည်းကောင်း၊ ဒေါက်တာမြဦး (အတွင်းရေးမှူး)သည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသော AIPA အစည်းအဝေးတွင်လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးကြင်သိန်းသည် တရုတ်နိုင်ငံသို့လည်းကောင်း၊ ဒေါက်တာမြဦး (အတွင်းရေးမှူး)သည် ထိုင်းနိုင်ငံသို့ ပညာရေးဆွေးနွေးပွဲ တက်ရောက်ရန်လည်းကောင်း၊ အင်္ဂလန်နိုင်ငံသို အဆင့်မြင့်ပညာရေးလေ့လာရန်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံသို့ ကမ္ဘာလုံးဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ရန်လည်းကောင်း၊ ဦးကျော်မင်း (လက်ပံတန်းမဲဆန္ဒနယ်)သည် တရုတ်နိုင်ငံသို့လည်းကောင်း၊ ဦးကျော်ညွန့် (ကျွန်းလှမဲဆန္ဒနယ်)သည် နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ်နိုင်ငံတို့ကို (၇-၁၂-၂၀၁၃) မှ (၁၉-၁၂-၂၀၁၃) အထိ လေ့လာရေးအဖြစ်လည်းကောင်း၊ ဦးစိန်ထွန်း (ထန်းတပင်မဲဆန္ဒနယ်)သည် စင်္ကာပူသို့လည်းကောင်း၊ ဦးမြင့်ရွှေ (ဝေါမဲဆန္ဒနယ်)သည် (၁၆-၁၁-၂၀၁၄) မှ ( ၂၇-၁၁-၂၀၁၄) အထိ ဩစတေးလျနှင့် အင်ဒိုနီးရှားသို့လည်းကောင်း၊ ဦးခင်မောင်မြင့် (ပေါင်မဲဆန္ဒနယ်) (၂၂-၁၁-၂၀၁၄)မှ (၂၃-၁၁-၂၀၁၄)အထိ ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြပါသည်။

## အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်ခြင်း

၂၀။ ပညာရေးဝန်ကြီးဌာနမှကျင်းပသော အမျိုးသားအဆင့် ပညာရေးကဏ္ဍ ဆွေးနွေးပွဲသို့ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးစောဂျိမ်း၊ ဦးကြည်မောင်၊ ဦးမြင့်ရွှေ၊ ဦးကြင်သိန်း၊ ဦးထွန်းဆာတို့က (၁၆-၉-၂၀၁၂ မှ ၁၈-၉-၂၀၁၂)အထိ လည်းကောင်း၊ ဒေါက်တာမြဦး (အတွင်းရေးမှူး)နှင့် အဖွဲ့ဝင် (၂) ဦးတို့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သိပ္ပံနှင့်နည်းပညာကဏ္ဍ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ (၂-၁၁-၂၀၁၂) နေ့တွင်လည်းကောင်း တက်ရောက်ခဲ့ကြပါ သည်။

၂၁။ ပညာရေးဝန်ကြီးဌာနမှ (၇-၁၀-၂၀၁၃) ရက်နေ့တွင် MICC ၌ ကျင်းပသည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲတွင် ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်အားလုံး တက်ရောက်ခဲ့ပါသည်။

၂၂။ စိန်ရတုခန်းမတွင်ကျင်းပသော အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်တိုင်းဒေသကြီး လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်မှုဆိုင်ရာ ဒေသန္တရအဆင့်အလုပ်ရုံဆွေးနွေးပွဲသို့ (၃၁-၁၂-၂၀၁၃) ရက်နေ့တွင် အတွင်းရေးမှူး ဒေါက်တာမြဦးက တက်ရောက်ခဲ့ပါသည်။

၂၃။ သင်္ဂဟဟိုတယ်တွင်British Council မှ ကျင်းပသော အဆင့်မြင့်ပညာမူဝါဒ ဆွေးနွေးပွဲတွင် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌဒေါက်တာချမ်းငြိမ်းနှင့် အတွင်းရေးမှူး ဒေါက်တာမြဦးတို့သည် (၂၇-၂-၂၀၁၃) မှ (၃၀-၆-၂၀၁၃) အထိ တက်ရောက်ခဲ့ကြပါသည်။

၂၄။ ကော်မတီအဖွဲ့ဝင်၊ ဦးစိန်ထွန်းသည် ရန်ကုန် (MCC) ခန်းမ၌ ကျင်းပသည့် မသန်စွမ်း အမျိုးသမီးများ (ဖိုရမ်) ဆွေးနွေးပွဲသို့ (၁၅-၃-၂၀၁၄ မှ ၁၆-၃-၂၀၁၄ ထိ) လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းနှင့် အတွင်းရေးမှူး ဒေါက်တာမြဦးတို့သည် ရန်ကုန်မြို့ Park Royal Hotel ၌ British Council မှ ကျင်းပသည့် ကမ္ဘာ့ပညာရေးဆိုင်ရာ ဆွေးနွေးပွဲတွင်(၄-၇-၂၀၁၄ မှ ၈-၇-၂၀၁၄ ထိ) လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးစောဂျိမ်းသည် ဟန်ဆိုက်ဒယ်ဖောင်ဒေးရှင်းမှ ကျင်းပသည့် ဖက်ဒရယ်လစ်ဇင်ဆိုင်ရာ ဆွေးနွေးပွဲသို့ (၁၅-၁၁-၂၀၁၄ မှ ၁၆-၁၁-၂၀၁၄ ထိ) လည်ကောင်း၊ (၉-၂-၂၀၁၅) ရက်မှ (၁၀-၂-၂၀၁၅) ရက်နေ့များတွင် Grand Amara Hotel ၌ ကျင်းပသော ကလေးငယ်များအတွက် ပြည်သူ့ဘဏ္ဍာငွေဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတွင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်ညွန့်၊ ဦးကျော်နိုင်ဌေး၊ ဦးစောဂျိမ်း၊ ဦးကျော်မင်း၊ ဦးကြင်သိန်းတို့ကလည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

၂၅။ အဖွဲ့ဝင် ဦးကျော်ညွန့်သည် သင်္ဂဟဟိုတယ် နေပြည်တော်တွင် ကျင်းပသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာ အလုပ်ရုံဆွေးနွေးပွဲသို့ (၁၄-၃-၂၀၁၅) ရက်နေ့တွင် လည်းကောင်း၊ ဘာသာစကား၊ ပညာရေးနှင့် လူမှုပေါင်း စည်းညီညွတ်မှုဆွေးနွေးပွဲသို့ (၁၉-၃-၂၀၁၅) မှ(၂၀-၃-၂၀၁၅) အထိလည်းကောင်း တက်ရောက်ခဲ့ပါသည်။

၂၆။ ဇမ္ဗူသီရိဟိုတယ် နေပြည်တော်တွင် ကျင်းပသော မသန်စွမ်းသူများ လူမှုအဖွဲ့အစည်းအတွင်း အဆင်ပြေချောမွေ့စွာ ပူးပေါင်းနိုင်ရေးကို လူမှုရေးအမြင်သစ်ဖြင့် ရှုခြင်းဆိုင်ရာဆွေးနွေးပွဲသို့ ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမြဦး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကြည်မောင်၊ ဦးကျော်ညွန့်၊ ဦးကျော်မင်းတို့က (၂၅-၃-၂၀၁၅) တွင် တက်ရောက်ခဲ့ကြပါသည်။

၂၇။ အမရာဟိုတယ် နေပြည်တော်တွင် ကျင်းပသော Work Shop On UN Security Council Resolution 1325 on Woman, Peace and Security and Related Resolutions ဆိုင်ရာ ဆွေးနွေးပွဲသို့ အဖွဲ့ဝင် ဒေါ်စုစုလွင် က(၂၇-၄-၂၀၁၅) ရက်နေ့တွင် တက်ရောက်ခဲ့ပါသည်။

၂၈။ Grand Amara Hotel ၌ ကျင်းပသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် ကလေးသူငယ်များအတွက် ရပ်တည်ဆောင်ရွက်မည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်း၊ အတွင်းရေးမှူး ဒေါက်တာမြဦး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်ညွန့်၊ ဦးစံကီကော်၊ ဦးစောဂျိမ်းတို့က (၂၃-၅-၂၀၁၅) ရက်နေ့တွင် တက်ရောက်ခဲ့ကြပါသည်။

၂၉။ Aureum Place ဟိုတယ် နေပြည်တော်တွင်ကျင်းပသော ပြည်ထောင်စုလွှတ်တော် အမျိုးသားစီမံကိန်း ပြည်ထောင်စုအရအသုံးနှင့် အခွန်ကောက်ဆိုင်ရာ ညှိနှိုင်းရေးပူးပေါင်းကော်မတီ သင်တန်းကိုအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်ရွှေ၊ ဦးကျော်ညွန့် တို့က (၃၀-၅-၂၀၁၅) မှ (၃၁-၅-၂၀၁၅) ရက်နေ့တွင် တက်ရောက်ခဲ့ကြပါသည်။

**နိဂုံး**

၃၀။ ပြည်သူများနှင့် အဓိကထိတွေ့နိုင်သော လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများ၏ ပညာရေးလိုအပ်ချက်များကို ဖော်ထုတ်ပြီး သက်ဆိုင်ရာ ဌာနများသို့တင်ပြခြင်း၊ အကြံပေးခြင်း၊ အမျိုးသားပညာရေးနှင့် ဆက်စပ်သော ဆင့်ပွားဥပဒေများ ပေါ်ပေါက်ရေးတွင် ပါဝင်ပူးပေါင်းပြီး လက်တွေ့ကျကျဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ပညာရေးကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

၃၁။ နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ ကုလသမဂ္ဂ UNICEF မှ ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ပါမောက္ခများ လက်ခံတွေ့ဆုံ၍ အတွေ့အကြုံဖလှယ်ခြင်းဖြင့် ရေရှည်တည်တံ့၍ နိုင်ငံတကာအဆင့်မီသော ပညာရေးစနစ်တစ်ခု ပေါ်ပေါက်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၇-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာတင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သန့်(အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ အတွင်းရေးမှူးလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီကနေပြီးတော့ ကျွန်တော့်ကို တာဝန်ပေးအပ်တဲ့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တင်သွင်းတဲ့အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ ယခုကဲ့သို့ ကျွန်တော့်ကိုတာဝန်ပေးအပ်တဲ့အတွက် ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့တင်ပြထားတဲ့ကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဝေငှပေးထားပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အရေးကြီးတဲ့အချက်အလက်များကိုသာ ထုတ်နုတ်တင်ပြသွားမှာဖြစ်ပါတယ်။ ကော်မတီအနေနဲ့ ခေါင်းစဉ်ပေါင်း (၇)ခုနှင့် အသေးစိတ်တင်ပြထားပြီးဖြစ်ပါ

တယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ကော်မတီအနေနဲ့ မိမိတို့ရဲ့အတွေ့အကြုံများ၊ ပြုစုဆောင်ရွက်ခဲ့သော အစီရင်ခံစာများ၊ အတည်ပြု ပြဋ္ဌာန်းခဲ့သော ဥပဒေများ၊ ကော်မတီ၏လုပ်ငန်းများနှင့် မိမိတို့ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ ကို တတ်နိုင်သမျှ ပြည့်စုံစွာဖော်ပြ၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ ပေါ်ပေါက်လာတဲ့အချိန်မှာ ယင်းကော်မတီဝင်များအနေနဲ့ မိမိ တို့လုပ်ငန်းများ အစဉ်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ် ချက်ဖြင့် ပြုစုတင်ပြထားခြင်းဖြစ်ပါတယ်။ မိမိတို့ကော်မတီကို ပြည်သူ့လွှတ်တော် ဥပဒေဆိုင်ရာပုဒ်မ ၂၄၊ ပုဒ်မ ၂၇ ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ရုံး၏၅- ၉- ၂၀၁၁ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၉/၂၀၁၁)ဖြင့် ကော်မတီဝင် လွှတ်တော် ကိုယ်စားလှယ် ၁၅ ဦးနဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ၅ - ၂ - ၂၀၁၅ နေ့စွဲပါ အမိန့်စာအမှတ် (၁/၂၀၁၅)ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲခြင်းများဆောင်ရွက်ခဲ့ပြီး နောက်ဆုံး ယနေ့အထိ တည်ရှိနေသော ကော်မတီဝင်များမှာ ဦးစိုးနိုင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဦးအောင်သန့်ပါ ကော်မတီဝင် ၁၅ ဦးနှင့် ဗိုလ်မှူးကြီးခင်မောင်ထွန်းပါ တပ်မတော်သားကိုယ်စားလှယ် ၅ ဦးပါဝင်တဲ့ လေ့လာသူ ၅ ဦး စုစုပေါင်းကိုယ်စားလှယ်ပေါင်း ၂၀ ဦးဖြင့် လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးဆောင်ရွက် လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

မိမိတို့ကော်မတီရဲ့လုပ်ငန်းတာဝန်များမှာ အဓိကအားဖြင့် (၄)ခုရှိပါတယ်။ မိမိတို့ကော်မတီဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ် သလို ကူညီဆောင်ရွက်ပေးဖို့၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများက ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ ဥပဒေများကိုလေ့လာကြပြီး ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်း ရန်အချက်များ တွေ့ရှိရပါက လွှတ်တော်သို့ တင်ပြပေးရခြင်း၊ တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာ အဖွဲ့များက အခါအားလျော်စွာထုတ်ပြန်တဲ့ အမိန့်ညွှန်ကြားချက်များဟာ လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်မှုရှိပါက အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရာမှာ စောင့်ကြည့်ထိန်းညှိ ကူညီပေးခြင်း၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိတဲ့ တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံခြင်းစတဲ့ လုပ်ငန်းတာဝန်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ ကော်မတီအနေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက ပြင်ပအဖွဲ့အစည်းများကို ဖိတ်ခေါ်၍ ဆွေးနွေးညှိနှိုင်းခြင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သူများကိုလည်း အခါအားလျော်စွာ ဖိတ်ကြားမေးမြန်းဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီလုပ်ငန်းများ ဆောင်ရွက်ကြရာမှာ လွှတ်တော်၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခဲ့ပြီး အစီရင်ခံစာများ၊ အစည်းအဝေးမှတ်တမ်းများ၊ ဆွေးနွေးချက်မှတ်တမ်းများကို လွှတ်တော်ရုံးသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့တဲ့နေရာမှာ ပြည်သူ့လွှတ်တော်ရုံး၏ တာဝန်ပေးချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနများရဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ကြပြီး ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ကော်မတီနှင့်သက်ဆိုင်တဲ့ ဥပဒေပေါင်း(၁၉)ခုရှိတဲ့အနက် အတည်ပြုပြဋ္ဌာန်းပြီးဥပဒေ(၅)ခု၊ စိစစ်ဆဲဥပဒေ(၁၃)ခု၊ ပြင်ဆင်ရန်မလိုသည့် ဥပဒေ(၁)ခုတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ကော်မတီတွင် အသစ်ထပ်မံဖြည့်စွက်ရမယ့် ဥပဒေ(၂)ခုရှိပါတယ်။ အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်သွင်းတင်ပို့ခြင်းဆိုင်ရာ ပိုးမွှားရောဂါ ထိန်းချုပ်ရေးဥပဒေကြမ်းနှင့် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းတို့ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်း(၂)ခုကို လွှတ်တော်မှာ ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိတဲ့ဥပဒေများကို ခွဲခြားတင်ပြရမယ်ဆိုရင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်တဲ့ဥပဒေ(၁၃)ခုရှိပြီးတော့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၁၀/၂၀၁၂) ဖြင့်လည်းကောင်း၊ လယ်ယာမြေဥပဒေကို (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၁၁/၂၀၁၂)များဖြင့် အသစ်ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေများနှင့်သက်ဆိုင်တဲ့ နည်းဥပဒေများလည်း ထွက်ရှိပြီးဖြစ်ပါတယ်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၃၂/၂၀၁၃)ဖြင့် အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေကိုပြန်လည်ပြင်ဆင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အကြိမ်ကြိမ် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပြီး လွှတ်တော်အဆင့်ဆင့်က အတည်ပြုနိုင်ရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီ၏ အဓိက

လုပ်ငန်းတာဝန်အဖြစ်သတ်မှတ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ယင်းဥပဒေအား ပြင်ဆင်သည့် ဥပဒေကြမ်းအဖြစ် (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၄၇/၂၀၁၄)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများလည်း ထွက်ရှိခဲ့ပြီးဖြစ်ပါတယ်။ မျိုးစေ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေအဖြစ် (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၅/၂၀၁၅)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ မြေဩဇာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေအဖြစ် (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၁၅/၂၀၁၅)ဖြင့် အတည် ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ပိုးသတ်ဆေးဥပဒေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက ပြင်ဆင်သည့်ဥပဒေအဖြစ် တင်သွင်းထားရှိပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနေဆဲ ဖြစ်ပါတယ်။ The Registration of Kittima Adoptions Act ဥပဒေဟာ ပြင်ဆင်ရန်မလိုတဲ့အတွက် လက်ရှိတည်ဆဲဥပဒေအတိုင်း ဆက်လက်အသုံးပြုသွားမှာဖြစ်ပါတယ်။ ရေခွန်နှင့်တာတမံခွန်ဥပဒေ၊ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ၊ The Boundaries Act၊ The Canal Act၊ The Registration Act၊ The Embankment Act ဥပဒေများကို ကျွန်တော်တို့ကော်မတီအနေနဲ့ စိစစ်ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သက်ဆိုင်တဲ့ ဥပဒေ(၆)ခုမှာ နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ ငါးမွေးမြူရေးဆိုင်ရာ ဥပဒေ၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ (၃)ခုကိုပေါင်းစပ်ပြီးတော့ ပြည်ထောင်စုငါးလုပ်ငန်းဥပဒေ အဖြစ်ရေးဆွဲရန် စိစစ်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ပြည်ထောင်စုငါးလုပ်ငန်းဥပဒေကြမ်း အတည်ပြု ထွက်ပေါ်လာချိန်မှာ ယင်းဥပဒေ(၃)ခုအား ပယ်ဖျက်သွားမှာဖြစ်ပါတယ်။ ရေချိုငါးလုပ်ငန်းဥပဒေကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တာဝန်ယူရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ၊ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအနေနဲ့ စိစစ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မိမိတို့ကော်မတီအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အမျိုးသားစီမံကိန်း ဘဏ္ဍာငွေအရအသုံးဆိုင်ရာ မူလဥပဒေကြမ်းမှာပါရှိတဲ့ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းများ၊ ရသုံးငွေများ၊ သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များ နှင့်ပတ်သက်ပြီးတော့ မိမိတို့ကော်မတီနှင့်သက်ဆိုင်တဲ့ ဝန်ကြီးဌာနနှစ်ခုဖြစ်တဲ့ လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန များရဲ့ တင်ပြထားမှုများအပေါ် မိမိတို့ကော်မတီက စိစစ်ချက်နှင့် ထောက်ခံအကြံပြုချက်များ၊ အသစ် ဖြည့်စွက်သည့်ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြပြီး ဆောင်ရွက်ပေးခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ်၊

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် လေ့လာသုံးသပ်ချက်များ၊ ၂၀၁၅ ခုနှစ်၊ အခွန်အကောက်ဥပဒေမူကြမ်းကို စိစစ်ပေးခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ရေးကဏ္ဍမှာ ငါးလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ ဖြည့်စွက်သင့်သည်များကိုလည်း ဆွေးနွေးတင်ပြဆောင်ရွက်ပေးခဲ့ပါတယ်။ မိမိတို့ကော်မတီနှင့်သက်ဆိုင်တဲ့ ဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူ့လွှတ်တော်သို့ အကြံပြုတင်ပြခြင်း၊ လိုအပ်တဲ့အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းကိစ္စရပ်များ ညှိနှိုင်းပြုစုတင်ပြအတည်ပြုခြင်း၊ ငွေစာရင်းဘတ်ဂျက်ကိစ္စရပ်များ ညှိနှိုင်းအကြံပြုတင်ပြပေးခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်း၊ ကူညီခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းနှင့်အဆိုများက ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ရမယ့်ကိစ္စရပ်များကို အမြန်ဆုံးအရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ညှိနှိုင်းမှုများကိုလည်း ဆောင်ရွက်ပေးခဲ့ကြပါတယ်။

မိမိတို့ကော်မတီအနေနဲ့ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်းကိစ္စရပ်များကိုအစီရင်ခံစာမှာ အသေးစိတ်ဖော်ပြပေးထားပါတယ်။ သီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကမ္ဘာ့စားနပ်ရိက္ခာအပြည့်အဝဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ မျိုးကောင်းမျိုးသန့် စပ်မျိုးစပါးများ စမ်းသပ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာသုံးကိရိယာများ ဝယ်ယူအသုံးချရေးလုပ်ငန်း၊ လယ်သမားများအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ရေးစီမံကိန်းများကို Belgium နိုင်ငံ East - West Seed Group၊ IDACA ဂျပန်၊ FAO အဖွဲ့၊ စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)များနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံတွေ့ဆုံခဲ့တဲ့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲများမှာလည်း ကျွန်တော်တို့ကော်မတီအနေနဲ့ အဖွဲ့ဝင်အဖြစ် ပါဝင်တက်ရောက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

မိမိတို့ ကော်မတီဥက္ကဋ္ဌအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၃-၁၂-၂၀၁၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၇၆/၂၀၁၃)ဖြင့် တာဝန်ပေးအပ်ခဲ့တဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ပူးပေါင်းရေးအဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ တောင်သူလယ်သမားများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန် ဥပဒေနှင့်အညီဆက်စပ်ဆောင်ရွက်ပေးခြင်း၊ လယ်သမားများလိုအပ်တဲ့ သွင်းအားစုများရရှိစေရေးနှင့် မြေယာနှင့်သက်ဆိုင်တဲ့ တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်များရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊

တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်တဲ့ ကောက်ပဲသီးနှံများ သင့်တင့်မျှတတဲ့ဈေးနှုန်းနှင့် ဈေးကွက်ရရှိစေဖို့ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေများနှင့်ညီညွတ်မှုမရှိတဲ့ မြေယာသိမ်းဆည်းမှုများ မဖြစ်ပေါ်လာစေရန် ကာကွယ်ပေးခြင်း၊ လယ်ယာလုပ်သားများ၏ ရသင့်ရထိုက်သောအခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် အစည်းအဝေးများမှာ တင်ပြဆွေးနွေးပေးနိုင်ခဲ့ပါတယ်။ ကော်မတီဥက္ကဋ္ဌအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၁၆-၁၀-၂၀၁၄ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၉၃/၂၀၁၄)အရ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီမှာ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ယင်းအဖွဲ့ဟာ မြေစာရင်းပြုစုခြင်း၊ မှန်ကန်ကောင်းမွန်တဲ့ မြေဈေးကွက် တစ်ရပ် ပေါ်ထွန်းလာရေးအတွက် မြေတန်ဖိုး သတင်းအချက်အလက်များစုဆောင်းခြင်း၊ မြေမဲ့၊ ယာမဲ့ များအတွက် Integrated Plan ရေးဆွဲခြင်း၊ မြို့ပြနှင့် အိမ်ယာစီမံကိန်းဆောင်ရွက်ရာမှာ Reserved Land များထားရှိရန်နှင့် လက်ရှိတည်ဆဲဥပဒေများအား လိုက်နာခြင်း၊ မြေခွန်စနစ်ကောင်းမွန်တိုးတက်ရေး အစီအမံများချမှတ်ခြင်း၊ လယ်ယာမြေများ၌ အဆောက်အဦများ ခွင့်ပြုချက်မရဘဲဆောက်လုပ်ခြင်းမပြုရန် ကာကွယ်ခြင်း၊ လယ်ယာမြေများကို အခြားနည်းဖြင့်သုံးစွဲမှုများ တင်ပြရာမှာ နိုင်ငံတော်၏စားနပ်ရိက္ခာဖူလုံမှုကို မထိခိုက်စေခြင်းစတဲ့အချက်များကို အစည်းအဝေးများမှာ တင်ပြဆွေးနွေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကော်မတီဝင်များအနေနဲ့ ပြည်သူ့လွှတ်တော်က တာဝန်ပေးချက်အရ ပြည်တွင်းပြည်ပသို့ စေလွှတ်ခဲ့တဲ့ သင်တန်း၊ ဆွေးနွေးပွဲ၊ လေ့လာရေးခရီးများ သွားရောက်ခဲ့ကြောင်းကိုလည်း တင်ပြထားပြီးဖြစ်ပါတယ်။ မိမိတို့ကော်မတီသို့ ပေးပို့ရောက်ရှိလာတဲ့ တိုင်ကြားစာများနှင့်ပတ်သက်ပြီးတော့ ကုန်ထုတ်လုပ်မှု Production နှင့် တိုက်ရိုက်ပတ်သက်တဲ့ကိစ္စရပ်များကို ကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လယ်ယာမြေပိုင်ဆိုင်မှု၊ အငြင်းပွားမှု၊ မြေသိမ်းဆည်းခံရမှု၊ ပြန်လည်ရလိုမှုကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးထားတဲ့ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ အရေးယူဆောင်ရွက်ပေးရန် ဆက်လက်လွှဲပြောင်းပေးပို့ခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ မိမိတို့ကော်မတီအနေနဲ့ ကော်မတီဝင်များအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဥပဒေကြမ်းများ လေ့လာပြုစုခြင်း၊ အဆိုများတင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်းများကို တာဝန်ကျေပွန်အောင် ဆောင်ရွက်ပေးခဲ့ကြပါတယ်။ ဒီအတွက်လည်း ကော်မတီအဖွဲ့ဝင်များ၊ လေ့လာသူများကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**မူကြမ်း**

တောင်သူလယ်သမားများရဲ့အကျိုးစီးပွား၊ နိုင်ငံတော်၏အကျိုးစီးပွား တိုးတက်လာစေရေးအတွက် တောင်သူလယ်သမားများနှင့် တောင်သူလယ်သမားဆိုင်ရာ အသင်းအဖွဲ့များက ဆက်သွယ်မေးမြန်း ရေးသားလာတဲ့ ကုန်ထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မိမိတို့ကော်မတီရဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၅)နှစ်တာကာလအတွင်း မိမိတို့ကိုယ်စားလှယ်များရဲ့ လုပ်ငန်း အတွေ့အကြုံများကို အခြေခံကာ ယခုအစီရင်ခံစာကို တင်ပြထားခြင်းဖြစ်တဲ့အတွက် နောင်လာမယ့် လွှတ်တော်များတွင်လည်း နိုင်ငံတော်၏အကျိုးစီးပွား တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ရန် အထောက်အကူတစ်ရပ်ဖြစ်မယ်လို့ မိမိတို့ကော်မတီက ယုံကြည်ပါတယ်။ မိမိတို့ကော်မတီအနေနဲ့ ကော်မတီရဲ့တာဝန်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြင့် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပထမအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ**

**နိဒါန်း**

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များအနေဖြင့် မိမိတို့ရရှိသော အတွေ့အကြုံများ ပြုစုခဲ့သောအစီရင်ခံစာများ ၊ အတည် ပြုပြဋ္ဌာန်းခဲ့သောဥပဒေများ ၊ ကော်မတီလုပ်ငန်းများနှင့် မိမိတို့ စီမံဆောင်ရွက်ခဲ့ပုံများကို တတ်နိုင် သမျှပြည့်စုံစွာဖော်ပြ၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များအနေဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင် ရွက်နိုင်ရန် ပြုစုတင်ပြခြင်းဖြစ်ပါသည်။

**ကော်မတီဖွဲ့စည်းခြင်း**

၂။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ ၊ ပုဒ်မ ၂၇ ၊ ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ရုံး၏ (၅-၉-၂၀၁၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၁ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးနောက်ပိုင်း လွှတ်တော်ကိုယ်စားလှယ်များပြောင်းလဲခြင်း၊ အစားထိုးခြင်းများဆောင်ရွက်ခဲ့ရာ (၅-၂-၂၀၁၅) ရက်စွဲပါအမိန့်အမှတ်၁/၂၀၁၅ ဖြင့် နောက်ဆုံးဖြည့်စွက်ခဲ့ပြီး (၁၇- ၁၀- ၂၀၁၅)ရက်နေ့ထိ ကော်မတီဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးစိုးနိုင် | ဖျာပုံမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးညွန့်လှိုင် | ဖြူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးမောင်မောင်စိုး | အင်ပူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးတိုးရွှေ (ခ)<br>ဦးတင်ဌေးအောင် | ရေစကြိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးကင်းစိန် | သရက်ချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာစိုးမိုးအောင် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးသောင်းဟန် | ယင်းမာပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစိုင်းခတ္တိယ | မိုင်းဆတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဆားမူ | လဟယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမောင်မောင်စိုး | သာကေတမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိန်ဝင်း | မအူပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဉာဏ်ဆွေဝင်း | ကျောက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဇော်ထွန်း | လပွတ္တာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးတင်လှိုင် | ကလေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်သန့် | ပုသိမ်ကြီးမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (တ) | ကြည်း ၁၉၃၀၇ ဗိုလ်မှူးကြီး ခင်မောင်ထွန်း | | လေ့လာသူ |
| (ထ) | ကြည်း ၂၀၆၆၂ ဒုတိယဗိုလ်မှူးကြီး လွင်ဦး | | လေ့လာသူ |
| (ဒ) | ကြည်း ၂၅၂၈၁ ဗိုလ်မှူးခင်စိုး | | လေ့လာသူ |

**မူကြမ်း**

(ဓ) ကြည်း ၂၇၄၀၂ ဗိုလ်မှူးမြင့်မောင် လေ့လာသူ

(န) ကြည်း ၃၂၄၁၃ ဗိုလ်မှူးကျော်ကျော်ထက် လေ့လာသူ

**ကော်မတီ၏တာဝန်များ**

၃။ ကော်မတီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက်ကူညီဆောင်ရွက်ပေးရပါသည်။

(ခ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိပါက လွှတ်တော်သို့ တင်ပြရပါသည်။

(ဂ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိ ကူညီပေးရပါသည်။

(ဃ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရပါသည်။

၄။ ကော်မတီသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟုယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခဲ့ပါသည်။

၅။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရပါ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကိုအသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရှိခဲ့ပါသည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရဟူသည့် လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ပါသည်။

လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲ အဖြစ်တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ဆောင်ရွက်ခဲ့ပါသည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၆။ ကော်မတီ၏ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ရုံး၏တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ မိမိတို့ကော်မတီနှင့် သက်ဆိုင်သည့်လယ် ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကိုလေ့လာသုံးသပ်ပြီး ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ခ) မိမိတို့ကော်မတီနှင့်သက်ဆိုင်သည့် ဥပဒေစုစုပေါင်း (၁၉) ခုရှိသည့်အနက် အတည် ပြုပြဋ္ဌာန်းပြီးဥပဒေ ( ၅ )ခု ၊ စိစစ်ဆဲဥပဒေ (၁၃)ခု ၊ ပြင်ဆင်ရန်မလိုသည့် ဥပဒေ (၁)ခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ကော်မတီတွင် အသစ်ထပ်မံဖြည့်စွက် မည့်ဥပဒေတစ်ခုမှာ အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်သွင်းတင်ပို့ခြင်းဆိုင်ရာ ပိုးမွှားရောဂါထိန်းချုပ်ရေးဥပဒေဖြစ်ပါသည်။

(ဂ) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ဥပဒေ (၁၃)ခု တွင်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်- ၁၀/၂၀၁၂)၊ လယ်ယာမြေဥပဒေကို (ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်- ၁၁/၂၀၁၂)များဖြင့် အသစ်ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေများနှင့် သက်ဆိုင်သည့် နည်းဥပဒေများလည်း ထွက်ရှိပြီးဖြစ်ပါသည်။

(ဃ) တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ကို (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၃၂/၂၀၁၃)ဖြင့် အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ပါ သည်။ ထို့နောက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ပြန်လည်ပြင်ဆင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အကြိမ်ကြိမ်အစည်းအဝေးများပြုလုပ်ပြီး လွှတ်တော်အဆင့်ဆင့်မှ အတည်ပြုနိုင်ရေး

ဆိုင်ရာလုပ်ငန်းများကို အဓိကလုပ်ငန်းတာဝန်အဖြစ်သတ်မှတ်၍ ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းဥပဒေအား ပြင်ဆင်သည့်ဥပဒေအဖြစ် (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၄၇/၂၀၁၄)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများလည်း ထွက်ရှိပြီးဖြစ်ပါသည်။

(င) မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေအဖြစ် (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၅/၂၀၁၅)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေအဖြစ် (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၁၅/၂၀၁၅)ဖြင့် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်။

(စ) ပိုးသတ်ဆေးဥပဒေကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြင်ဆင်သည့်ဥပဒေအဖြစ်တင်သွင်း၍ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးဆဲဖြစ်ပါသည်။

(ဆ) The Registration of Kittima Adoptions Act ( Myanmar Act 14 , 1939, Vol. XI ) ဥပဒေသည် ပြင်ဆင်ရန်မလိုဘဲ လက်ရှိတည်ဆဲဥပဒေအတိုင်း အသုံးပြုမည်ဖြစ်ပါသည်။

(ဇ) ရေခွန်နှင့်တာတမံခွန်ဥပဒေ ၊ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ၊ The Boundaries Act ( India Act 5, 1880 Vol.X ) ၊ The Canal Act ( Myanmar Act 2, 1905, Vol. IV ) ၊ The Registration Act ( India Act16, 1908 , Vol. X ) ၊ The Embankment Act ( India Act 4 , 1909 , Vol. IV ) ဥပဒေများသည် စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

(ဈ) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ဥပဒေ(၆)ခုတွင် နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ ငါးမွေးမြူရေးဆိုင်ရာဥပဒေ၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ(၃)ခုအား ပေါင်းစပ်၍ ပြည်ထောင်စုငါးလုပ်ငန်းဥပဒေအဖြစ် စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။ ပြည်ထောင်စုငါးလုပ်ငန်းဥပဒေ အတည်ပြုထွက်ပေါ်လာချိန်တွင် ယင်းဥပဒေ(၃)ခုအား ပယ်ဖျက်မည်ဖြစ်ပါသည်။

(ည) ရေချိုငါးလုပ်ငန်းဥပဒေသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တာဝန်ယူရေးဆွဲလျက်ရှိပါသည်။

(ဋ) တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ၊ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေများသည်စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

(ဌ) ၂၀၁၁ - ၂၀၁၂ ခုဘဏ္ဍာရေးနှစ်မှ ၂၀၁၅ - ၂၀၁၆ ခုဘဏ္ဍာရေးနှစ်အထိ အမျိုးသားစီမံကိန်းဘဏ္ဍာငွေ အရအသုံးဆိုင်ရာ မူလဥပဒေကြမ်းတွင်ပါရှိသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းများ၊ ရငွေ သုံးငွေများ၊ သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များနှင့်ပတ်သက်၍ မိမိတို့ ကော်မတီနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနနှစ်ခုဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနများ၏တင်ပြထားမှုများအပေါ်မိမိတို့ကော်မတီက စိစစ်ချက်နှင့် ထောက်ခံအကြံပြုချက်များ၊ အသစ်ဖြည့်စွက်သည့်ပြင်ဆင်ချက်များကို ဆောင်ရွက်ခဲ့ပါသည်။

(ဍ) ၂၀၁၄ ခုနှစ် ၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ်လေ့လာသုံးသပ်ချက်များ ၊ ၂၀၁၅ ခုနှစ် အခွန်အကောက်ဥပဒေမူကြမ်း စိစစ်ပေးခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ရေးကဏ္ဍတွင် ငါးလုပ်ငန်းနှင့် ပတ်သက်၍ဖြည့်စွက်သင့်သည်များကိုလည်း ဆွေးနွေးတင်ပြဆောင်ရွက်ခဲ့ပါသည်။

(ဎ) မိမိတို့ကော်မတီနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကာ ပြည်သူ့လွှတ်တော်သို့အကြံပြုတင်ပြခြင်း၊ လိုအပ်သည့်အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းကိစ္စရပ်များညှိနှိုင်းပြုစုတင်ပြအတည်ပြုခြင်း၊ ငွေစာရင်းဘတ်ဂျက်ကိစ္စရပ်များ ညှိနှိုင်းအကြံပြုတင်ပြပေးခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်း၊ ကူညီခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏မေးခွန်းနှင့်အဆိုများမှ ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ရမည့်ကိစ္စများအမြန်အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ညှိနှိုင်းမှုများကိုလည်းဆောင်ရွက်ခဲ့ပါသည်။

**ပြည်တွင်း / ပြည်ပ အဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း**

၇။ မိမိတို့ကော်မတီသည် အောက်ပါပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံခဲ့ပါသည်-

(က) (၂၅-၁-၂၀၁၃) ရက်နေ့တွင် Belgium နိုင်ငံ Devgen N.V အဖွဲ့အစည်းနှင့်တွေ့ဆုံပြီး ဆန်စပါး စိုက်ပျိုးရေးတွင် မျိုးကောင်း၊ မျိုးသန့်၊ စပ်မျိုးစပါးများ စမ်းသပ်ထုတ်လုပ်ခြင်းများနှင့်ပတ်သက်၍ဆွေးနွေးခြင်း၊

(ခ) (၁၀-၆-၂၀၁၄) ရက်နေ့တွင် East - West Seed Group ကုမ္ပဏီအဖွဲ့နှင့် တွေ့ဆုံပြီး ဟင်းသီး ဟင်းရွက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်ထုတ်ကုန်များပြည်ပတင်ပို့မှုအခြေအနေ၊ မျိုးစေ့ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အကြံပြုဆောင်ရွက်ထားရှိမှု အခြေအနေများအားဆွေးနွေးခြင်း၊

(ဂ) (၁၀-၃-၂၀၁၅) ရက်နေ့တွင် ဂျပန်နိုင်ငံ IDACA အဖွဲ့နှင့်တွေ့ဆုံပြီး စက်မှုလယ်ယာ သုံးကိရိယာများ ဝယ်ယူအသုံးချနိုင်ရေး၊ လယ်သမားများ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတိုးတက်စေရေးစီမံကိန်းများဆွေးနွေးခြင်း၊

(ဃ) (၂၄-၃-၂၀၁၅) ရက်နေ့တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO နှင့်တွေ့ဆုံပြီး ကမ္ဘာ့စားနပ်ရိက္ခာပြည့်ဝဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အတွက်အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်း၊

(င) (၂-၄-၂၀၁၅) ရက်နေ့တွင် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)နှင့် တွေ့ဆုံ၍ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊

(စ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ လက်ခံတွေ့ဆုံသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်တွေ့ဆုံပွဲများတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်တက်ရောက်မှုများပြုလုပ်ခဲ့ပါသည်။

**ကော်မတီဥက္ကဋ္ဌ၏ နိုင်ငံတော်အစိုးရ ဖွဲ့စည်းမှုများတွင် ပါဝင်ဆောင်ရွက်မှုများ**

၈။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ-၄ အရ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် ပြည်ထောင်

စုအစိုးရအဖွဲ့၏ ( ၃ - ၁၂ - ၂၀၁၃ ) ရက်နေ့တွင်အမိန့်ကြော်ငြာစာအမှတ်၊ ၇၆ / ၂၀၁၃ ဖြင့်တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းတွင် ကော်မတီဥက္ကဋ္ဌသည် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက် ခဲ့ပါသည်။

(ခ) ယင်းဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက် ရန်ဥပဒေနှင့်အညီ ဆက်စပ်ဆောင်ရွက်ပေးခြင်း၊ လယ်သမားများလိုအပ်သည့် သွင်းအားစုများရရှိစေရေးနှင့် မြေယာနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့်ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့်ဈေးကွက် ရရှိရန်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော တရား မျှတမှုမရှိသည့် မြေယာသိမ်းဆည်းခြင်းများမဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်းနှင့် လယ်ယာလုပ်သားများ၏ ရထိုက်သောအခွင့်အရေးများကို အပြည့်အဝရရှိစေရန် အစည်းအဝေးများတွင် ဆွေးနွေးတင်ပြဆောင်ရွက်ပေးခဲ့ပါသည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁၆-၁၀-၂၀၁၄) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၉၃/၂၀၁၄ ဖြင့် ကော်မတီဥက္ကဋ္ဌသည် အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟို ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(ဃ) ယင်းအဖွဲ့သည် မြေစာရင်းပြုစုခြင်း၊ မှန်ကန်ကောင်းမွန်သော မြေဈေးကွက်တစ်ရပ် ပေါ်ထွန်းရေးအတွက် မြေတန်ဖိုး သတင်းအချက်အလက်များစုဆောင်းခြင်း၊ မြေမဲ့ ၊ ယာမဲ့များအတွက် Integrated Plan ရေးဆွဲခြင်း၊ မြို့ပြနှင့် အိမ်ရာစီမံကိန်းများ ဆောင်ရွက်ရာတွင် Reserved Land များထားရှိရန်နှင့် လက်ရှိတည်ဆဲဥပဒေများ အားလိုက်နာခြင်း၊ မြေခွန်စနစ် ကောင်းမွန်တိုးတက်ရေး အစီအမံများချမှတ်ခြင်း၊ လယ်ယာမြေများ၌ အဆောက်အဦများ ခွင့်ပြုချက်မရဘဲ ဆောက်လုပ်ရေးမပြုရန် ကာကွယ်ခြင်း၊ လယ်ယာမြေများကို အခြားနည်းဖြင့်သုံးစွဲမှုများတင်ပြရာတွင်စားနပ် ရိက္ခာဖူလုံမှုမထိခိုက်စေခြင်းစသည့်အချက်များကို အစည်းအဝေးများတွင် ဆွေးနွေး တင်ပြခဲ့ပါသည်။

**အထွေထွေဆောင်ရွက်ချက်များတင်ပြခြင်း**

၁၀။ (က) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်မှ ပြည်တွင်း/ပြည်ပသို့ စေလွှတ်သော သင်တန်း/ ဆွေးနွေးပွဲ/ လေ့လာရေးများသို့ သွားရောက်လေ့လာ၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

(ခ) ကော်မတီက တာဝန်ယူဆောင်ရွက်ရသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်ပတ်သက်သော လွှတ်တော်ကိုယ်စားလှယ်များ၏မေးခွန်းနှင့်အဆိုများအရ ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်သည့်လုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရေး အစဉ်မပြတ် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

(ဂ) မိမိတို့ကော်မတီသို့ ပေးပို့ရောက်ရှိလာသော တိုင်ကြားစာများနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှု (Production)နှင့် တိုက်ရိုက်ပတ်သက်သော ကိစ္စရပ်များအား မိမိကော်မတီမှ ညှိနှိုင်းပေးခဲ့ပြီး လယ်ယာမြေပိုင်ဆိုင်မှု ၊ အငြင်းပွားမှု ၊ မြေသိမ်းဆည်းခံရမှု၊ ပြန်လည်ရယူလိုမှုကိစ္စများအတွက် ပြည်ထောင်စုလွှတ်တော် ၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ ဆက်လက်အရေးယူဆောင်ရွက်ပေးရေးညှိနှိုင်းပေးပို့ခဲ့ပါသည်။

**နိဂုံး**

၁၁။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည်ကော်မတီဝင်များအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့်ညှိနှိုင်း၍ ဥပဒေကြမ်းများလေ့လာပြုစုခြင်း၊ အဆိုများတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်းများကိုဆောင်ရွက်ခဲ့ပါသည်။ တောင်သူလယ်သမားများ၏အကျိုးစီးပွား၊ နိုင်ငံတော်၏အကျိုး စီးပွားတိုးတက်လာစေရေးအတွက် တောင်သူလယ်သမားများနှင့် တောင်သူလယ်သမားဆိုင်ရာ အသင်းအဖွဲ့များက ဆက်သွယ်မေးမြန်းရေးသားလာသည့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး လုပ်ငန်းဆိုင်ရာကိစ္စများကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မိမိတို့

ကော်မတီအနေနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၅)နှစ်တာကာလအတွင်း ကိုယ်စားလှယ် များ၏ လုပ်ငန်းအတွေ့အကြုံများကိုအခြေခံကာ နောင်လာမည့်လွှတ်တော်များတွင်လည်း နိုင်ငံတော်၏ အကျိုးစီးပွား တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့ ကော်မတီ၏ တာဝန်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ အစီရင်ခံစာအပေါ် ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၇-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အစည်းအဝေးနဝမနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် များက ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့တွင် တင်ပြခဲ့တဲ့ တောင်သူလယ်သမား၊ အလုပ်သမား နှင့် လူငယ်ရေးရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ဆွေးနွေးဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမြသိန်း(မုဒုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ ကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာကတော့ တောင်သူလယ်သမား၊

အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ဆွေးနွေးပါမယ်။ ကော်မတီကို ကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ် ခေါင်းဆောင်၍ ကော်မတီဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းထားပါတယ်။ တပ်မတော်သားကိုယ်စားလှယ် (၅)ဦးလည်း ပါပါတယ်။ ကော်မတီသက်တမ်းမှာ တစ်နှစ် ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန် (၉)ရပ်ရှိပါတယ်။ ၎င်းတို့မှာ (၁) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။ (၂) တောင်သူလယ်သမားများရဲ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။ (၃) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိရမည်။ (၄) အလုပ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။ (၅) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှကူညီဆောင်ရွက်ရမည်။ (၆) လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနဲ့ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီဆောင်ရွက်ရမည်။ (၇) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်တွေ့ရှိပါက လွှတ်တော်သို့ တင်ပြရမည်။ (၈) တည်ဆဲဥပဒေများ သက်ဆိုင်ရာဌာန အဖွဲ့အစည်းမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များ လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းသိမ်းကူညီရမည်။ (၉) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြရမည်။ ကော်မတီ၏လုပ်ပိုင်ခွင့်(၅)ရပ် ရှိပါတယ်။ ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေး (၃)ရပ်ရှိပါတယ်။ ကော်မတီ၏ ဆောင်ရွက်ချက် (၈)ချက်ရှိပါတယ်။ ၎င်းတို့မှာ (၁) ကော်မတီသည် စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ နိုင်ငံတစ်ဝန်းရှိ လယ်မြေသိမ်းဆည်းခံရတဲ့ တောင်သူလယ်သမားများမှ ကော်မတီသို့ ၎င်းတို့၏နစ်နာမှုကို ကူညီဖြေရှင်းပေးရန် တင်ပြတိုင်ကြားလာပါသည်။ အဆိုပါ တင်ပြ၊ တိုင်ကြားချက်များကို ကော်မတီမှ အရေးယူဖြေရှင်းပေးရန် ဆောင်ရွက်ခဲ့ရပါသည်။ သို့ရာတွင် မြေသိမ်းဆည်းခံရမှု ဖြစ်စဉ်ဖြစ်ရပ်မှာ နိုင်ငံတစ်ဝန်းလုံး ကျယ်ပြန့်စွာဖြစ်ပေါ်နေ၍ နိုင်ငံတော်အစိုးရမှ ဖြေရှင်းဆောင်ရွက်ပေးမှသာ ပြီးပြတ်နိုင်မည့် ကိစ္စများဖြစ်ပါသည်။ (၂) သို့ဖြစ်၍ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွဋ်က လယ်ယာမြေသိမ်းဆည်းခံရခြင်း စုံစမ်းလေ့လာရေး ဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး တရားမျှတရန် ဖြေရှင်းဆောင်ရွက်ပေးရန်

အဆိုတစ်ရပ်ကို ၄-၇-၂၀၁၂ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္တပုံမှန်အစည်းအဝေးသို့ တင်ပြခဲ့ပါတယ်။ ယင်းအဆိုကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၄၆ ဦးက ထောက်ခံဆွေးနွေးခဲ့ကြပါတယ်။ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး အဆိုကို မှတ်တမ်းတင်ထားရှိခဲ့ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည့်အတွက် မဲခွဲဆုံးဖြတ်ရန် ထောက်ခံမဲ ၃၉၅ မဲ၊ ကန့်ကွက်မဲ ၁၇၆ မဲ၊ ကြားနေမဲ ၂၄ မဲနဲ့ ထောက်ခံမဲများသည့်အတွက် အဆိုမှာ အတည်ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေခွဲ(ပ)နှင့်အညီ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္တပုံမှန်အစည်းအဝေး(သတ္တမနေ့) ဆုံးဖြတ်ချက်အရ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်ပါ အမိန့်ကြော်ငြာစာ ၅၂/၂၀၁၂ ရက်စွဲဖြင့် လယ်ယာမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးကို စုံစမ်းရေးကော်မရှင်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၆၀ ဦးဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးခဲ့ပါတယ်။ (၃) စုံစမ်းရေးကော်မရှင်သည် တိုင်ကြားစာများပါသော ပြည်နယ်နှင့် တိုင်းအသီးသီးသို့ အဖွဲ့ခွဲများခွဲ၍ ကွင်းဆင်းစုံစမ်းမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် စုံစမ်းရေးကော်မရှင်သည် အဖွဲ့ဝင်အင်အားနည်းပါးပြီး လုံလောက်မှုမရှိပါသဖြင့် ပြည်ထောင်စုလွှတ်တော်မှ နာယက တင်ပြ၍ အဖွဲ့ဝင် ၁၆ ဦးထပ်မံဖွဲ့စည်းပြီး စုစုပေါင်း ၇၆ ဦးဖြင့် အဖွဲ့ခွဲ ၁၁ ဖွဲ့ ဖွဲ့စည်းကာ စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ (၄) ကော်မတီစတင်ဖွဲ့စည်းချိန်တွင် ကော်မရှင်အတွက် ရုံးလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်မှ သီးခြားတာဝန်ပေးခန့်ထားအပ်၍ အဖွဲ့အစည်းတာဝန်ပေးအပ်ခဲ့ခြင်းမရှိ၍ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာတာဝန်များဖြင့်သာ ကော်မရှင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါ တယ်။ သို့ဖြစ်၍ ကော်မတီဝန်ထမ်းများသည် ကော်မရှင်သို့ရောက်လာသည့် တိုင်ကြားစာများကို မှတ်ပုံတင်ပေးခြင်း၊ သက်ဆိုင်ရာပြည်နယ်တိုင်းအသီးသီးအဖွဲ့ခွဲများသို့ စိစစ်၍ ကွင်းဆင်းဆောင်ရွက်ရန် လွှဲပြောင်းပေးရခြင်း၊ အဖွဲ့ခွဲများကပြန်လည်တင်ပြသော ကွင်းဆင်းဆောင်ရွက်မှုအစီရင်ခံစာများ စုစည်း၍ ကော်မရှင်၏ အစီရင်ခံစာများနှင့် အဆိုပါပြုစု၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရန် ဆောင်ရွက်ပေးရခြင်း၊ တပ်မတော်အချို့ဆိုင်ရာများ တိုက်ရိုက်ပတ်သက်သည့် အမှုကိစ္စရပ်များကိုစိစစ်၍ သက်ဆိုင်ရာကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပေးပို့နိုင်ရန်ဆောင်ရွက်ပေးရခြင်း၊ ကော်မတီ၏ ညှိနှိုင်းဆောင်ရွက်ချက် ဆောင်ရွက်ရန်စီရင်ပေးရခြင်းတို့ကို ကော်မတီဝန်ထမ်း ၅ ဦးဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီ၏အစီရင်ခံစာကို

**မူကြမ်း**

တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မြေအဖြစ် သိမ်းဆည်းခံရခြင်းအတွက် အစီရင်ခံစာအပိုင်း(၁)ဖြင့်လည်းကောင်း၊ မြို့ပြတိုးချဲ့တည်ဆောက်ရေး၊ စက်မှုဇုန်များတည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းကိစ္စကို အစီရင်ခံစာအပိုင်း(၂)ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီမံကိန်းများဆောင်ရွက်မှုမှာ ပုဂ္ဂလိကကုမ္ပဏီများကို နေရာချထားပေးရာတွင် တောင်သူလယ်သမား လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများ ပါရှိပါတယ်။ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ပြေးလမ်းများ တိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်းနှင့် နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများအတွက်တည်ဆောက်ရေးခြင်းကိစ္စရပ်များအတွက် အစီရင်ခံစာအပိုင်း(၃)ဖြင့်လည်းကောင်း၊ အခြားမြေသိမ်းဆည်းမှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် အစီရင်ခံစာအပိုင်း(၄)ဖြင့်လည်းကောင်း၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်အပေါ် ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေလေ့လာတွေ့ရှိချက် အစီရင်ခံစာကိုလည်းကောင်း၊ ကော်မရှင်၏အစီရင်ခံစာစုစုပေါင်း (၅)အုပ်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုနိုင်ခဲ့ပြီးဖြစ်သည်။ ယင်းအစီရင်ခံစာများတင်ပြ အတည်ပြုပြီးမှသာ ၂၉-၉-၂၀၁၄ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်ဝန်ထမ်းများကို သီးခြားဖွဲ့စည်း၍ စုံစမ်းရေးကော်မရှင်၏ ရုံးလုပ်ငန်းတာဝန်များ ကော်မတီမှ လွှဲပြောင်းပေးခဲ့ပါတယ်။ (၅) ကော်မရှင်လုပ်ငန်းများ ဦးဆောင်၍ ပူးပေါင်းဆောင်ရွက်ရတဲ့အတွက် ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၁ ခုနှစ် နှစ်ကြိမ်၊ ၂၀၁၂ ခုနှစ် နှစ်ကြိမ်၊ ၂၀၁၃ ခုနှစ် နှစ်ကြိမ်၊ ၂၀၁၄ ခုနှစ် လေးကြိမ်၊ ၂၀၁၅ ခုနှစ် နှစ်ကြိမ် ကော်မတီအစည်းအဝေးစုစုပေါင်း ၁၂ ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ (၆) ကော်မတီသည် ပြည်သူ့လွှတ်တော်၏တာဝန်ပေးချက်အရ သမဝါယမဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေ ဖြည့်စွက်ခွင့်ပြုတင်ပြချက်များ စိစစ်တင်ပြခြင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ၏ ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များအတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းများ၊ ရသုံးခန့်မှန်းခြေငွေစာရင်းများ ဖြည့်စွက်တောင်းခံတင်ပြချက်များအား စိစစ်တင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ (၇) ကော်မတီသည် တောင်သူလယ်သမား အကျိုးစီးပွားလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိမယ့်အဆိုများ တင်သွင်းခြင်း၊ လွှတ်တော် သို့ မေးခွန်းများမေးမြန်းခြင်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ၊ တောင်သူ လယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင် ဝင်ရောက်ဆွေးနွေးခြင်း၊ ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းဆွေးနွေးပွဲများ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်

**မူကြမ်း**

အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ (၈) ကော်မတီသည် ဥပဒေရေးရာဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပယ်ဖျက်၊ ပြင်ဆင်၊ ပြဋ္ဌာန်းခြင်းများအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီက စိစစ်ရန် သတ်မှတ်ပေးထားသည့် ဥပဒေ ၁၆ ခု၊ ၎င်းဥပဒေ ၁၆ ခုထဲမှ အတည်ပြုပြဋ္ဌာန်းပြီး ၆ ခု၊ ပြင်ဆင်ရေးဆွဲထားသည့် ဥပဒေ ၄ ခု၊ ရုပ်သိမ်းသည့် ဥပဒေ ၆ ခုရှိပါတယ်။ အခုလက်ရှိအခြေအနေ ထပ်မံရေးဆွဲလျက်ရှိတဲ့ ဥပဒေကြမ်းနှစ်ခုပါရှိပါတယ်။ နိုင်ငံခြားအဖွဲ့အစည်းဝင်များနဲ့တွေ့ဆုံခြင်း ကော်မတီဥက္ကဋ္ဌရဲ့ ခွင့်ပြု ချက်များအရ ကော်မတီက ဂျပန်နိုင်ငံ တိုချီဘာကော်ပရေးရှင်းမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ၊ ၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် တွေ့ဆုံချိန် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တစ်ပိုင်းဖြစ်သော လျှပ်စစ်ကဏ္ဍ၊ ရန်ကုန်မြို့တော်အတွက် မြေအောက်ရထားလမ်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ၎င်းစနစ် Light Ray Transation အဖြစ် အသုံးပြုနိုင် တည်ဆောက်ရေးတို့ကို အဓိကထား ဆွေးနွေးကြပါတယ်။ ကော်မတီဝင်ပြည်ပခရီးစဉ်တွင် ကော်မတီဝင်များသည် အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ လာအိုနိုင်ငံအား လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ပါတယ်။ နိဂုံး။ ကော်မတီသည် တောင်သူလယ်သမားရေးရာ၊ အလုပ်သမားရေးရာ၊ လူငယ်ရေးရာကော်မတီ၏ လုပ်ဆောင်ချက်များကို သီးသန့်ခွဲခြားတင်ပြသင့်ကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်အား ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လေ့လာရေးရောက်ရှိလာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရဲ့ အစီရင်ခံစာအပေါ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအစီရင်ခံစာရဲ့တင်သွင်းလာတဲ့ကော်မတီဥက္ကဋ္ဌက ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီမှာ ပြည်သူ့

လွှတ်တော်က ဖွဲ့စည်းထားတဲ့ကော်မတီများထဲမှာ ဘယ်ကော်မတီတွေက ဘယ်လိုအလုပ်လုပ်ကြတယ်။ ဘယ်လွှတ်တော်ကိုယ်စားလှယ်တွေက ဘယ်လိုအလုပ်လုပ်ကြတယ်။ ဘယ်လိုရည်ရွယ်ချက်တွေထားကြတယ်ဆိုတာကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်တက်ရင်းနဲ့ တစ်စေ့တစ်စောင်းဖြစ်စေ၊ ကိုယ်တိုင်ပါဝင်၍ဖြစ်စေ၊ နက်နက်ရှိုင်းရှိုင်းဖြစ်စေ လေ့လာကြရပါတယ်။ အဲလိုလေ့လာတဲ့အခါမှာ ကျွန်တော်တို့က ထူးခြားတဲ့ကော်မတီတွေကို ထူးထူးခြားခြားနဲ့ ဝင်ရောက်ဆွေးနွေးဖို့၊ ထောက်ခံဆွေးနွေးဖို့၊ ကန့်ကွက်ဆွေးနွေးဖို့၊ ဝေဖန်ပေးဖို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ တာဝန်ရှိပါတယ်။ တာဝန်ရှိသည်နှင့်အညီ ကျွန်တော်ဟာ အခုဆွေးနွေးခြင်းဖြစ်ပါတယ်။ ဒီကော်မတီရဲ့ ဆောင်ရွက်ချက်တွေကို ကျွန်တော်တို့အနေနဲ့ လွှတ်တော်က အစီရင်ခံစာတစ်စောင်ကို တင်ရိုးတင်စဉ်အတိုင်း တင်လာတယ်။ တင်လာတဲ့အပေါ်မှာ အတည်ပြုသွားတယ်။ ဒါနဲ့ပဲ ကျွန်တော်တို့ ကော်မတီအစီရင်ခံစာတွေက လွှတ်တော်ရဲ့ မှတ်တမ်းတိုက်ကြီးထဲမှာပဲ ဒီတိုင်းပဲပြီးဆုံးသွားကြမှာလား။ အဲတော့ ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုးမဖြစ်ရအောင် ထူးခြားတဲ့ကော်မတီတွေရဲ့လုပ်ဆောင်ချက်တွေကို ထူးခြားတဲ့ပုံသဏ္ဌာန်နဲ့ ဆွေးနွေးပေးဖို့လိုအပ်ပါတယ်။ ထူးခြားစွာနဲ့ အသိအမှတ်ပြုမှတ်တမ်းတင်ပေးဖို့လိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတာဖြစ်ပါတယ်။ အခု ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရဲ့အစီရင်ခံစာမှာ စောစောက ရှေ့က လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသွားပါတယ်။ တာဝန် ကိုးရပ်ရှိတယ်ဆိုတဲ့အကြောင်း မှန်ပါတယ်။ တာဝန်ကိုးရပ်ထဲမှာ အရေးကြီးတဲ့တာဝန်တစ်ခု (ခ)မှာ တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်ဆိုတဲ့ အဲဒီတာဝန်တစ်ရပ်ကို အရင်ဆုံးစတင်ဖော်ဆောင်တာနဲ့ပတ်သက်ပြီး ဆွေးနွေးပါမယ်။ ဒီကော်မတီဥက္ကဋ္ဌဖြစ်သူ ဇလွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်က ၄-၇-၂၀၁၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကြီးမှာ တောင်သူလယ်သမားများရဲ့ အခွင့်အရေးအတွက် အဆိုတစ်ရပ်ကို တင်သွင်းခဲ့ပါတယ်။ ဒါသူ့ကော်မတီတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ တင်သွင်းခဲ့တဲ့အဆိုဟာ လယ်ယာမြေသိမ်းဆည်းခံရခြင်းအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးရန်ဆိုတဲ့အဆို ဖြစ်ပါတယ်။ ထောက်ခံဆွေးနွေးမှုအများဆုံးအဆိုများထဲမှာ တစ်ခုအပါအဝင် ဖြစ်ခဲ့ပြီးတော့ မဲခွဲဆုံးဖြတ်ရာမှာလည်း မဲပေးသူ ၅၉၅ ဦးမှာ ၃၉၅ ဦးနဲ့ ထောက်ခံအတည်ပြုခဲ့တဲ့အဆို ဖြစ်ပါတယ်။ နိုင်ငံတစ်ဝှမ်းလုံး လှုပ်ရှားသွားခဲ့တဲ့အဆိုဖြစ်ပါတယ်။ ပြီးတော့ ဒီအဆိုကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ လုပ်ငန်းများနဲ့ ဖြစ်ပေါ်လာတဲ့အကျိုးဆက်များကြောင့်လည်း နိုင်ငံတစ်ဝှမ်းနစ်နာတဲ့လယ်သမားများရဲ့ နစ်နာမှုတိုင်ကြားစာတွေကို တရားမျှကြမ်း

ဝင်တိုင်ကြားစာအဖြစ် တိုင်ကြားနိုင်မှုများအဖြစ်၊ ဖြေရှင်းဆောင်ရွက်မှုများအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွက်လာခဲ့ပါတယ်။ ခေတ်အဆက်ဆက် နစ်နာမှုတွေကို တိုင်ကြားခွင့်ရရှိတဲ့ ခေတ်အဆက်ဆက် နစ်နာခဲ့တဲ့ကိစ္စတွေမှာ တရားဝင်တိုင်ကြားမှုကို ဖြေရှင်းဆောင်ရွက်ပေးမှု အားနည်းမှုတွေရှိခဲ့ပါတယ်။ ယခုအချိန်မှာ ဖြေရှင်းဆောင်ရွက်မှုအားအကောင်းဆုံးအချိန်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာအစပျိုးသူက ဒီကော်မတီရဲ့ ဒီဥက္ကဋ္ဌ ဦးတင်ထွတ်ဖြစ်ပါတယ်။ အဲတော့ ဒီကော်မတီရဲ့ ဆောင်ရွက်ချက်ကြောင့် တစ်နိုင်ငံလုံးမှာ ပြည်ထောင်စုလွှတ်တော်ကြီးက အဖွဲ့ခွဲ ၁၁ ဖွဲ့နဲ့ ဖြေရှင်းဆောင်ရွက်ကြရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ကြီးမားသော ကော်မရှင်ကြီးတစ်ရပ်ဖြစ်ပါတယ်။ ဒီကော်မရှင်ကြီးတစ်ရပ်မှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေ၊ ဒေသခံလွှတ်တော် ကိုယ်စားလှယ်တွေကလည်း ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ လယ်ယာမြေ အတွက်၊ လယ်သမားတွေအတွက် နစ်နာမှုအတွက် ပြည်ထောင်စုလွှတ်တော်မှာ တင်သွင်းခဲ့တော့လည်း လယ်ယာမြေတစ်မျိုးထဲအတွက်မဟုတ်ဘဲနဲ့ လယ်ယာမြေနဲ့ အခြားမြေများအတွက် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ဖြစ်ပါတယ်။ အဲဒီအတွက် အခြားမြေတွေသိမ်းဆည်းခံရမှုအတွက်ပါ စုံစမ်းစစ်ဆေးဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒါတွေကို ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ဒီလို ပြည်ထောင်စုလွှတ်တော်ကြီးက တိုက်တွန်းလာတဲ့ အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)၊ (၄) အဲဒီအပေါ်မှာ ဖြေရှင်းဆောင်ရွက်ဖို့ အာရုံစူးစိုက်ကြရပါတယ်။ အဲဒီအချိန်မှာ မြေအသုံးချမှု၊ စီမံခန့်ခွဲမှုဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအနေနဲ့ ဖွဲ့စည်းရပါတယ်။ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင် တဲ့အဖွဲ့နဲ့ ဖွဲ့စည်းဆောင်ရွက်တဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်နာယက အပါအဝင် ကော်မရှင်အဖွဲ့များနဲ့ မြေအသုံးချမှုစီမံခန့်ခွဲမှုဗဟိုကော်မတီတို့ MICC မှာ တွေ့ဆုံပွဲတစ်ရပ် ဖြစ်ခဲ့ပါတယ်။ ဒါဟာ ပြည်ထောင်စုလွှတ်တော်ကြီးရဲ့ အကြီးမားဆုံးဆောင်ရွက်ခဲ့တဲ့ လွှတ်တော်များနဲ့ အစိုးရပူးပေါင်းဆောင်ရွက်တဲ့ Workshop ကြီးတစ်ခုဖြစ်ခဲ့ပါတယ်။ နှစ်ရက်ကျင်းပခဲ့ပါတယ်။ ဒါဟာ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရဲ့ အမှတ်တမဲ့ ဆောင်ရွက်မှုကနေ ကျွန်တော်တို့ သမိုင်းဝင်တဲ့ လွှတ်တော်သမိုင်းတစ်ရပ် စိုက်ထူနိုင်တဲ့ဆောင်ရွက်မှု ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အခုဖြေရှင်းဆောင်ရွက်နေတဲ့ ဆောင်ရွက်ဆဲတွေကို ပြီးခဲ့တဲ့ရက်ပိုင်းမှာပဲ မြေအသုံးချမှု စီမံခန့်ခွဲမှုဗဟိုကော်မတီက သတင်းထုတ်ပြန်ကြေညာပါတယ်။ ဖြေရှင်းဆောင်ရွက်ဖို့ သူတို့လက်ထဲကို ရောက်နေတဲ့အမှုပေါင်း ၁၇၁၂၈ မှုရှိပါတယ်။ အခုဖြေရှင်းဆောင်ရွက်ပြီးတဲ့ အမှုပေါင်းက ၁၀၀၄၀ ရှိ

ပါတယ်။ စိစစ်ဖြေရှင်းဆောင်ရွက်ဆဲက ၇၀၀၀ ကျော်ကျန်ပါသေးတယ်။ အဲဒီထဲမှာ ရန်ကုန်တိုင်းမှာ ဖြေရှင်းဆောင်ရွက်ရမယ့် အမှုတွဲက ၄၀၇၈ မှုမှာ ၁၆၈၃ မှုပြီးသွားတဲ့အတွက် ၂၃၉၅ မှု ကျန်ပါသေးတယ်လို့ ဖော်ပြထားတာဖြစ်ပါတယ်။ ဒါဟာ ၁၅-၁၁-၂၀၁၅ ရက်နေ့ရဲ့သတင်းထုတ်ပြန်ချက်ဖြစ်ပါတယ်။ အဲဒီအတွက် ဒီထဲမှာ တစ်နိုင်ငံလုံးရဲ့ သုံးပုံတစ်ပုံဟာ ရန်ကုန်တိုင်းရဲ့ လယ်ယာမြေနဲ့အခြားမြေများ ပြဿနာလို့ မြင်ရတာဖြစ်ပါတယ်။ အမှုတွဲဖြေရှင်းဆောင်ရွက်ခြင်းမှာ ၇၀၀၀ ကျော်မှာ ၂၃၉၅ က ရန်ကုန်တိုင်းမှာ ဖြစ်နေပါတယ်။ တစ်နိုင်ငံလုံးရဲ့သုံးပုံတစ်ပုံလို့ အရေအတွက်အားဖြင့် ပြောရတာဖြစ်ပါတယ်။ ဒါပေမဲ့ မဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ရန်ကုန်တိုင်းမှာ တစ်နိုင်ငံလုံးရဲ့ သုံးပုံတစ်ပုံ မရှိပါဘူး။ တစ်နိုင်ငံလုံးမှာ မြေဧကအများကြီးပါ။ ဒါဟာအမှုတွဲဖြစ်ပါတယ်။ ဒီလိုအမှုတွဲတွေဒီလို ပေါ်ထွက်လာဖို့အတွက် ဆောင်ရွက်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေက အသီးသီးလယ်ယာမြေကော်မရှင်ကို ပေးပို့တာသော်လည်းကောင်း တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတို့ တိုင်စာများပေးပို့ပေးသော်လည်းကောင်း အဲဒီပေးပို့တဲ့အချက်တွေကို စိစစ်ပြီးတော့မှ ဗဟိုမြေဆီကို အခုမြေယာအသုံးချစီမံခန့်ခွဲမှုကော်မတီဆီကို ပေးပို့ကြရတာဖြစ်ပါတယ်။ ဗဟိုမြေစီက လက်ခံရရှိတာ အမှုတွဲနည်းနေတယ်လို့ ကျွန်တော်တို့ပြောရမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းကများရတယ်ဆိုတာက ဆက်တိုက်ကျွန်တော်တို့ အလုပ်လုပ်ကြလို့ဖြစ်ပါတယ်။ အဲဒီအတွက် အလုပ်လုပ်တဲ့ကော်မတီတွေ အလုပ်လုပ်လာပြီးနောက်ပိုင်းမှာ လွှတ်တော်ရဲ့အချိန်တွေ နည်းသွားတဲ့အတွက် အခြားအလုပ်တွေနဲ့ ဖိစည်းမှုများတဲ့အခါမှာ ဒီလယ်ယာမြေနှင့် အခြားမြေများဆောင်ရွက်မှုတွေကို လျော့ကျသွားတာ တွေ့ရတဲ့အတွက် ဒါဟာ သုံးပုံတစ်ပုံက ရန်ကုန်တိုင်းဖြစ်နေတယ်လို့ တွေ့ရတဲ့စာရင်းဖြစ်ပါတယ်။ အဲဒီအတွက် အခုဒီကော်မတီရဲ့ ဆောင်ရွက်ချက်ကနေ ကော်မရှင်ဖြစ်လာတယ်။ ပြည်ထောင်စုလွှတ်တော် ကော်မရှင်ကြီးဖြစ်ပြီးတော့ ကော်မရှင်ကနေ တစ်နိုင်ငံလုံးမှာ အဖွဲ့ခွဲပေါင်း ၁၁ ဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တဲ့အဖွဲ့နဲ့ဆောင်ရွက်ကြတာ ဒါဟာ ကျွန်တော်တို့လွှတ်တော်ရဲ့ အဓိက ကျွန်တော်တို့နိုင်ငံမှာ အင်မတန်မှ လယ်သမားတွေ နစ်နာမှုကို ဆောင်ရွက်ပေးနိုင်တဲ့ ဂုဏ်ယူဖွယ်လုပ်ရပ်တစ်ရပ်လို့ ပြောရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်း လယ်ယာမြေစုံစမ်းရေးကော်မရှင်တစ်ဖွဲ့တည်းနဲ့တောင်မှ လယ်သမားတွေရဲ့နစ်နာမှုအတွက် ၆၈.၉ဘီလီယံကျော် လျော်ကြေးရရှိခဲ့တာဖြစ်ပါတယ်။

ဒါဟာ ဒီစာရင်းတွေကို လယ်ယာမြေ ကော်မရှင်အဖွဲ့ဝင် ဦးအောင်သိန်းလင်း ပြုစုထားတာရှိပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ဟာ အခု ပြည်သူ့လွှတ်တော်ကဖွဲ့စည်းလိုက်တဲ့ ကော်မတီကနေ

ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာတဲ့ လုပ်ငန်းစဉ်တွေပေါ်မှာ အခြေခံပြီးဆောင်ရွက်သွားတဲ့အခါမှာ အခုထက်ထိ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လယ်ယာမြေကိစ္စတွေမှာ ဆောင်ရွက်ဆဲ မိမိမြို့နယ်မှာ ဆောင်ရွက်ဆဲလုပ်ငန်းတွေအဖြစ် ကျန်ရစ်ပါတယ်။ ဒါဟာ ဒီကော်မတီကနေ ဆောင်ရွက်ခဲ့တာကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေ ပြည်ထောင်စုလွှတ်တော်ရောက်သွားတယ်။ ပြည်ထောင်စုလွှတ်တော်ကနေ တစ်နိုင်ငံလုံးအသိအမှတ်ပြုရတဲ့ ကော်မရှင်အဖွဲ့ခွဲတွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီအတွက် လွှတ်တော်ကဆောင်ရွက်တဲ့ ဆောင်ရွက်ချက်သည် ကျွန်တော်တို့ဟာ သာမန်ဆောင်ရွက်ချက်အဖြစ် မဟုတ်ဘူးဆိုတာကို လွှတ်တော် ကိုယ်စားလှယ်ကြီးများကနေတစ်ဆင့် တစ်နိုင်ငံလုံးကို သိစေချင်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ကော်မတီတွေ ဆောင်ရွက်တာသည် လွှတ်တော်များရဲ့ မှတ်တမ်းတွေမှာ ကျန်ရစ်တဲ့အခါမှာ ကော်မတီဝင်တွေဟာ ဘယ်လိုစိတ်အားထည့်ပြီး ဆောင်ရွက်ခဲ့ကြတယ်၊ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြတယ်၊ ဘယ်လို ကွင်းပြင်တွေ လယ်ကွင်းတွေထဲမှာ ဘယ်လိုသွားခဲ့ကြတယ်ဆိုတာတွေက သက်ဆိုင်ရာကော်မတီဝင်တွေနဲ့ ကော်မတီတွေထဲမှာပါဝင်တဲ့လူတွေအားလုံးကသိကြပါတယ်။ အခု တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီမှာ တာဝန်ကြီးကိုးရပ်မှာ အခြားတာဝန်များအနေနဲ့တော့ အလုပ်သမားများရဲ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမယ်ဆိုတာ ပါပါတယ်။ ဒါ အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်ပြီးတော့ အလုပ်သမားဥပဒေများလည်း ထွက်ရှိထားတာကို တွေ့ရှိရပါတယ်။ နောက်(စ)မှာ လူငယ်များအားတိုးတက်ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီဆောင်ရွက်ရမယ်ဆိုတဲ့ အနှစ်ချုပ်ကိုဖော်ပြထားတာရှိပါတယ်။ အဲတော့ ဒီလူငယ်များဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ဖို့အတွက်ဆိုရင် လူငယ်၊ ကလေးသူငယ်ဥပဒေတို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ သို့သော် Youth Law ဆိုတဲ့ လူငယ်ရေးရာဥပဒေတစ်ရပ်ပြုစုဆောင်ရွက်ဖို့ လိုအပ်သေးတယ်ဆိုတာလေးကိုတော့ ဒီကော်မတီအနေနဲ့ နောက်ဆုံးကျန်တဲ့လွှတ်တော်ကာလလေးမှာ ပြုစုဆောင်ရွက်ပေးဖို့ လာမည့်လွှတ်တော်အသစ်သစ်များမှာ ဆက်လက်ဆောင်ရွက်နိုင်အောင် ခုကတည်းက ပျိုးထားခဲ့စေချင်ပါတယ်။ အဲဒီတော့ လွှတ်တော်ကနေ လွှတ်တော်တစ်ဦးချင်းစီရဲ့ ဆောင်ရွက်မှုများကိုသော်လည်းကောင်း၊ ကော်မတီများအလိုက်ဆောင်ရွက်မှုများကိုသော်လည်းကောင်း စိစစ်လေ့လာ သုံးသပ်အကဲဖြတ်ပြီးတော့ အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းများလည်း ပြုလုပ်သင့်ပါတယ်လို့ အထူးတလည်တင်ပြချင်ပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရဲ့ အစီရင်ခံစာအားလွှတ်တော်က မှတ်တမ်းတင်ထိုက်ပါကြောင်း လေးစားစွာတင်ပြရင်းနှင့် နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ပြည်သူ့လွှတ်တော် တောင်သူလယ်ယာသမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာကိုသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြု ချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။အခုလိုအစီရင်ခံစာပေါ်မှာဆွေးနွေးပေးခဲ့ကြတဲ့ ကိုယ်စား လှယ်ကြီး နှစ်ဦးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ပြည့်ပြည့်စုံစုံနဲ့ အကြံများပေးနိုင်တဲ့ အတွက်လည်း ကော်မတီ ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ နောင်လုပ်ရမယ့် လုပ်ငန်းတွေ မှာလည်းပဲ၊ ခုနကပြောခဲ့သလိုပဲ အစပျိုးပြီးပြောခဲ့တဲ့အတွက် လုပ်နိုင်သမျှ အချိန်ကာလ အတွင်းမှာ တော့ ဒီကော်မတီ တစ်ခုတည်းတင် မကပါဘူးခင်ဗျား။ ကျွန်တော်တို့ကော်မတီအားလုံး ဆောင်ရွက်နေ ကြတာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုဆွေးနွေးပြီးခဲ့တဲ့ တောင်သူလယ်ယာသမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရဲ့ လူငယ်ရေးရာအစီရင်ခံစာ ကို လွှတ်တော်က သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင် ရွက်ရန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစီရင်ခံစာကို အတည်ပြုဖို့အတွက် အဆိုတင်သွင်းရန် ဖိတ်ခေါ် ပါတယ်။

**ဦးဌေးဝင်း(အတွင်းရေးမှူး၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့တွင်တင်ပြခဲ့သော ပြည်သူ့ လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်မှ သဘောတူလက်ခံပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါ တယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ တောင်သူ လယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရဲ့အစီရင်ခံစာကို အတည်ပြု မှတ်တမ်းတင် ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေးနဝမနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရေအသုံးနှင့် အခွန်အကောက်ဆိုင်ရာစိစစ်ညှိနှိုင်းရေး ကော်မတီရဲ့ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့တွင်တင်ပြခဲ့သော အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်း ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည် ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အစီရင်ခံစာအတည်ပြုဖို့အတွက် အဆိုတင်သွင်း ရန်ဖိတ်ခေါ်ပါတယ်။

**ဦးအေးမောက်(အတွင်းရေးမှူး၊ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး နှင့်အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်း ရေးကော်မတီရဲ့ နဝမနေ့မှာ တင်သွင်းခဲ့တဲ့အစီရင်ခံစာကို သဘောတူလက်ခံပေးပါရန် အဆိုတင် သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေး ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၁-၁၂-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်မရှိအတည်ပြုပြီးနောက် ၁-၁၂-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု

မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက် မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကို ၁၁း၂၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**